ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလကွယ်၊ ကြာသပတေးနေ့၊ (6-3-2008) (၅၆၁၄)

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၈၊ ၉ ရက် (၂၀၀၈ ခုနှစ် မတ် ၁၄၊ ၁၅ ရက်) သောကြာ၊ စနေနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၄ ရက် (၂၀၀၈ ခုနှစ် မတ် ၁၀ ရက်) တနင်္လာနေ့တွင်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၁၁၊ ၁၂၊ ၁၃ရက် (၂၀၀၈ ခုနှစ် မတ် ၁၇၊ ၁၈၊ ၁၉ ရက်) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများသည် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၀ ရက် (၂၀၀၈ ခုနှစ် မတ် ၁၆ရက်) တနင်္ဂနွေနေ့တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့ (၂၀၀၈ ခုနှစ် မတ် ၂၁ ရက်) သောကြာနေ့တွင် ကျင်းပမည်ဖြစ်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရမည့် ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများသည် ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၃ရက် (၂၀၀၈ ခုနှစ် မတ် ၁၉ ရက်) ဗုဒ္ဓဟူးနေ့အစား ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် (၂၀၀၈ ခုနှစ် မတ် ၁၈ ရက်) အင်္ဂါနေ့တွင်လည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများအချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တောင်သူများအား သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ရေး ဆွေးနွေးမှာကြား

နေပြည်တော် မတ် ၅

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘပိုင်းကျေးရွာအနီးရှိ တောင်သူ ဦးစိန်ဝင်း၏ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ စပါးအပြီး ဒုတိယတစ်သီး ပြန်လည်စိုက်ပျိုးနိုင်သည့် ဆီထွက်သီးနှံ ပဲမျိုးစုံနှင့် မျိုးသန့်အထွက်ကောင်းမျိုး နမူနာများ ပြသထားမှုကို ကြည့်ရှုအားပေးစဉ်။

(လယ်/ဆည်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၆–၃–၂၀၀၈
(ကြာသပတေးနေ့)

နိုင်ငံနှင့်ပြည်သူ့အကျိုး တိုးတက်ဖော်ဆောင် လူမှုကရုဏာလုပ်ငန်းများ စွမ်းစွမ်းတမံဆောင်ရွက်

နိုင်ငံတော်အစိုးရက ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေး အစီအမံများ ချမှတ်ဆောင်ရွက်ရင်း အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေး၊ စိတ်ပိုင်းဆိုင်ရာအခြေခံများ မြင့်မားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် အခြေခံကောင်းများ ဖြစ်ထွန်းရေးတို့အတွက် အမျိုးသားရေးစွမ်းအားစုများကို ထူထောင်အားပေးလျက်ရှိသည်။

နိုင်ငံတော်က ထူထောင်အားပေးလျက်ရှိသည့် အမျိုးသားရေးစွမ်းအားစုများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးလည်း ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားကို သယ်ပိုးလျက်ရှိသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းတစ်သင်းဖြစ်သည်။ ပြည်သူများ၏ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးကဏ္ဍတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အခြားသော အမျိုးသားအင်အားစုများနည်းတူ ကြိုးပမ်းဆောင်ရွက်နိုင်ရန် အခြေအနေနှင့် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင် ပေးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့် ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်ကူညီလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ရှိပြီဖြစ်သည်။

ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းနှင့်ဆက်စပ် သက်ဆိုင်နေသည်ဖြစ်ရာ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများ၊ လူမှုကရုဏာလုပ်ငန်းများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့် ထူးခြားမွန်မြတ်သော အစဉ်အလာများနှင့်အညီ စွမ်းစွမ်းတမံ ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံနှင့် ပြည်သူ့အကျိုးကို တိုးတက်ဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့်အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနေ ဒေါ်သီတာနှင့် သမီး အေးမြနန္ဒာ၊ သား မောင်ဝဏ္ဏ (မဇ္ဈိမဂုဏ်–ဘုရားဖူးပို့ဆောင်ရေး)မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)(သဒ္ဓမ္မဇောတိကဓဇ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဖောင်စကြာဘုရားဝင်း တရားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ ဖောင်စကြာဘုရားဝင်း ဇေယျာသုခဓမ္မာရုံ၌ မတ် ၉ ရက်တွင် အရှင်ဣန္ဒက (တွံတေး၊ ဓမ္မကထိက၊ ဗဟုဇနဟိတရေ)၊ မတ် ၁၀ ရက်တွင် ဒေါက်တာကိတ္တိဗလ (ပါမောက္ခ၊ ဌာနမှူး၊ စစ်ကိုင်းကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်) အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြောင်းမြစက်မှုဇုန်စစ်ဆေး စက်မှုလုပ်ငန်းရှင်များအားတွေ့ဆုံပြီး စက်ကိရိယာများကြည့်ရှု

နေပြည်တော် မတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတိုင်း မြောင်းမြမြို့ရှိ မြောင်းမြစက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံကာ စက်မှုဇုန်မှ ထုတ်လုပ်သည့် စက်ကိရိယာများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက နိုင်ငံတော်အနေဖြင့် စက်မှုလုပ်ငန်းရှင်များအား ပံ့ပိုးကူညီဖြည့်ဆည်းပေးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုဇုန်လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ပြည့်စုံမော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးလုပ်ငန်း၏ တမန်းမွှေစက်၊ တမန်းနင်းဘီး၊ ခြွေလှေ့စက် အစိတ်အပိုင်းများနှင့် စပါးခြွေလှေ့စက်၊ ရတနာ့စက်မှုလက်မှုလုပ်ငန်း၏ လယ်ယာသုံးထွန်စက်နှင့် တွဲဖက်သုံးနိုင်သော ရိုးပြတ်နင်းဘီးနှင့် စပါးခြွေလှေ့စက်၊ ရှိလာလယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရောင်းချရေး၏ နှစ်လုံးထိုး ရေတုံ့ကင်၊ တမန်းဆူးဘီးနှင့် အနိမ့်တင်ရေတင်ပိုက်၊ မြတံခွန်စက်မှုလက်မှု၏ တမန်းမွှေနှင့် တလင်းနယ်ကိရိယာ၊ တင်မိသားစုစက်မှုလုပ်ငန်း၏ ရေယာဉ်ပန်ကာအမျိုးမျိုး၊ ကျော်သစ္စာ စက်မှုလက်မှု၏ စပါးခွံသုံး လျှပ်စစ်ထုတ်လုပ်သည့် အင်ဂျင်နှင့် စပါးအခြောက်ခံစက်တို့ကို ကြည့်ရှုစစ်ဆေးအားပေးပြီး ဝန်ကြီးက စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆက်စပ် ဆောင်ရွက်နိုင်သည့် လုပ်ငန်းအခွင့်အရေးများကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စက်ကိရိယာများကြည့်ရှု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မြောင်းမြမြို့ရှိ မြောင်းမြစက်မှုဇုန်တွင် စက်မှုဇုန်မှ ထုတ်လုပ်သည့် စက်ကိရိယာများကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)



မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် Orbis မျက်စိကုလေယာဉ်ကြီးပေါ်ရှိ ခွဲစိတ်ခန်းတွင် Orbis မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် မြန်မာမျက်စိကု ဆရာဝန်ကြီးများ ပူးတွဲ၍ မျက်စိရောဂါ လူနာများအား ခွဲစိတ်ကုသ ပေးကြစဉ်။ (ကျန်းမာရေး)

Orbis မျက်စိကုလေယာဉ်အဖွဲ့ မျက်စိရောဂါလူနာများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာနနှင့် Orbis International တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မန္တလေးမြို့၌ ရောက်ရှိနေသော Orbis မျက်စိကုလေယာဉ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ မန္တလေး မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆေးရုံကြီးနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Orbis မျက်စိကုလေယာဉ်ကြီးပေါ်တွင် မျက်စိရောဂါလူနာများအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်ကြပြီး အဆိုပါ ခွဲစိတ်ကုသနေမှုများကို လေယာဉ်ပေါ်ရှိ သင်တန်းခန်းမ၌ CCTV ဖြင့် တိုက်ရိုက်ပြသရှင်းလင်းခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းတို့ကို ပြုလုပ်ကြရာ မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်များနှင့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရေစက်ချမင်္ဂလာ ကျင်းပမည်

ရန်ကုန် မတ် ၅

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပြည်တွင်း၊ ပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင်အလှူရှင်များ၏ (၄၉)ကြိမ်မြောက် ရေစက်ချအလှူ မင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို မတ် ၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၇ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များထံသို့ ဖိတ်စာများကို စာတိုက်မှတစ်ဆင့် ကြိုတင်ပေးပို့ထားပြီးဖြစ်သည်။

အထက်ပါကာလအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အခမ်းအနားသို့ တက်ရောက်မည်၊ မတက်ရောက်မည်ကို အဆိုပါ ဆေးရုံကြီး ဖုန်း–၅၄၁၇၉၅ နှင့် ၅၄၅၇၈၂ တို့သို့ မတ် ၇ ရက်နောက်ဆုံးထား၍ အကြောင်းပြန်ကြားပေးရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နှစ်ဖက်သောမိဘများနှင့် ခင်ပွန်း ဦးသင်းမောင်အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၃ လမ်းနေ ဒေါ်မာမာညွန့်နှင့် သား၊ သမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

*** ရှေ့ဖုံးမှ**

မတ်ပဲနှင့် ဆီထွက်နေကြာသီးညှပ်စိုက်ခင်းများကို ကြည့်ရှုပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ ဝန်ကြီးက သီးနှံအထွက်တိုးရေးနည်းလမ်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြစိုက်ခင်းများကို အတုယူ၍ တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ခင်းကျင်းပြသထားသည့် စပါးအပြီး ဒုတိယတစ်သီး ပြန်လည်စိုက်ပျိုးနိုင်သည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် မျိုးသန့်အထွက်ကောင်းမျိုး နမူနာများကို ကြည့်ရှုကာ ဝန်ကြီးက ဧရာဝတီတိုင်းတွင် စိုက်ပျိုးသင့်သည့်မျိုးများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က တောင်သူဦးစိန်ဝင်း၏ ပုလဲထွန်းမတ်ပဲနှင့် ဆန်ဖိုလာဆီထွက်နေကြာသီးညှပ်စိုက်ခင်းကို ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၅ရက်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေနှင့် ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ သမီး မခိုင်ဆုသွယ်တို့ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် သံဃာ့ဝန်ဆောင် ပထမနှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၅

အင်းစိန်မြို့နယ် ဆဋ္ဌအကြိမ် သံဃာ့ဝန်ဆောင် ပထမနှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရွာမပရိယတ္တိစာသင်တိုက်ရှိ သိမ်ကျောင်းဆောင်၌ကျင်းပရာ**(ယာပုံ)** ဇဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ သူရိယက သြဝါဒကထာ၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တ ကောဝိဒက နိဒါနကထာ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသုနန္ဒက သာရဏီယကထာ မိန့်ကြားတော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဟုတ်စွန်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တခေမာစာရက တစ်နှစ်တာဆောင်ရွက်ချက်များကို တင်ပြလျှောက်ထား အတည်ပြုချက်ရယူ၍ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသာရက နိဂမနကထာကို ဖတ်ကြားလျှောက်ထားသည်။ (ကြေးမုံ)

ညောင်ပင်သာဆရာတော် တရားပွဲများ

ရန်ကုန် မတ် ၅

အင်းစိန်မြို့ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာ၏ ပဓာနနာယက နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တမာလာစာရ(ဓမ္မာစရိယ) အရှင်သူမြတ်သည် မတ် ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လမုတန်းလေးရွာ လမုတန်းလေး ကျောင်းတိုက်၊ ၁၅ ရက်မှ ၁၉ ရက်အထိ မန္တလေးမြို့ ဖျာတန်းရပ် ဟေမမာလာ မြောက် ဓမ္မသဘင်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် တောင်သာမြို့ ကွမ်းခြံရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်၊ ၂၃ ရက်နှင့် ၂၄ ရက်ညတွင် မအူပင်မြို့ မလက်တိုရွာ ရဟန်းခံရှင်ပြု ဓမ္မသဘင်၊ ၂၅ရက်ညတွင် ဓနုဖြူမြို့ ဖက်သောင်ရွာ ဓမ္မသဘင်၊ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာ ရဟန်းခံရှင်ပြု ဓမ္မသဘင်တို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ (က-ပ)

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်းစာပေဆုများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် မတ် ၅

တတိယအကြိမ် ထွန်းဖောင်ဒေးရှင်း စာပေဆုများအတွက် ယှဉ်ပြိုင်လိုသော ၂၀၀၇ ခုနှစ်ထုတ် စာအုပ်များနှင့် ရက်စွဲအကန့်အသတ်မရှိ စာမူတို့ကို ၂၀၀၈ ခုနှစ် စက်တင်ဘာကုန်အထိ အတွင်း တင်သွင်းကြရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။

အကျုံးဝင်သည့် ဘာသာရပ်များမှာ စီးပွားရေး၊ ကျန်းမာရေး၊ သမိုင်း၊ ယဉ်ကျေးမှု၊ အတ္ထုပ္ပတ္တိ၊ ရှေးဟောင်းစာပေ၊ ရည်ညွှန်းစာပေ၊ ကလေးနှင့် လူငယ်ဆိုင်ရာတို့အပြင် နောက်ထပ် ဘာသာရပ်တစ်ခုအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်စာမူတို့ကိုလည်း အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပေးပို့နိုင်ကြောင်း ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီက ထပ်မံနှိုးဆော်ထားသည်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ကမ္ဘာလှည့်ခရီးသည်တင် လေယာဉ်ရောက်ရှိ

ရန်ကုန် မတ် ၅

အမေရိကန်နိုင်ငံ TGS ကုမ္ပဏီနှင့် ရန်ကုန်မြို့ရှိ Adventure Myanmar Travel & Travel Co., Ltd. တို့၏ အစီအစဉ်အရ အင်္ဂလန်နိုင်ငံသား လေယာဉ်မှူး Capt. Peter နှင့် Capt. Christopher John နှင့် လေယာဉ်ဝန်ထမ်း ၁၄ ဦးတို့ လိုက်ပါမောင်းနှင်လာသည့် အင်္ဂလန်နိုင်ငံ Frist Choice Air Line မှ လေယာဉ်အမှတ် 6.00BF,BOEING 737 သည် ကမ္ဘာလှည့်ခရီးသည် ၆၂ ဦး သယ်ဆောင်၍ မတ် ၄ ရက် ညနေ ၃ နာရီ ၅ မိနစ်တွင် မော်လဒိုက်နိုင်ငံ မာလီကျွန်းလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပျံသန်းရောက်ရှိလာသည်။

အဆိုပါ စင်းလုံးငှားလေယာဉ်မှ ကမ္ဘာလှည့်ခရီးသည်များသည် ယနေ့တွင် ပြည်တွင်းခရီးစဉ်အဖြစ် ရန်ကုန်မှ ညောင်ဦးသို့ နေ့ချင်းပြန် သွားရောက်လည်ပတ်ပြီး မတ် ၆ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MV Astoria ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော ဆိုက်ကပ်ရောက်ရှိ

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ မတ် ၄ ရက် ညနေ ၃ နာရီခန့်တွင် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘော MV Astoria သည် သင်္ဘောအမှုထမ်း ၂၇၆ ဦး၊ ခရီးသည် ၂၈၁ ဦး လိုက်ပါလျက် မလေးရှားနိုင်ငံ ပို့ကလန်ဆိပ်ကမ်းမှတစ်ဆင့် ရောက်ရှိလာသည်။

ခရီးသည်များအနက် ဂျာမနီနိုင်ငံသား ၂၄၅ ဦး ပါဝင်ပြီး ရန်ကုန်၊ ပုဂံ-ညောင်ဦး၊ ပဲခူးနှင့် သန်လျင်မြို့များသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ချိန်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Myanmar Voyages International Tourism Co., Ltd. မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ သင်္ဘောသည် မတ် ၆ ရက် မွန်းလွဲပိုင်းတွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ချန်နိုင်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမည်မဖော်လိုသူအချစ် ဆက်လက်ပြသ ရင်နှင့်အောင်မွေး ရုံတင်ပြသမည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ယခုလာမည့် (သောကြာနေ့) မတ် ၇ရက်တွင် မြန်မာရုပ်ရှင် ဇာတ်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲ ဇာတ်ကားဖြစ်သည့် **"အမည်မဖော်လိုသူအချစ်"** ဇာတ်ကားတစ်ကားတည်းသာ မြို့လယ်ရုံ သုံးရုံဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။ အမည်မဖော်လိုသူအချစ်ဇာတ်ကားကို မဟော်ဂနီရုပ်ရှင်ထုတ်လုပ်ရေးအတွက် မင်းလူ၏ ဝတ္ထုကို ဆုသြချယ်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာမီးပွားက ရိုက်ကူးထားသည်။ အိမ်ထောင်ရေး ပညာပေးဇာတ်ကား ဖြစ်သော်လည်း ရုပ်ရှင်ကြည့်ပရိသတ် စိတ်ပျော်ရွှင်ကြည်နူးမှုရသ ခံစားနိုင်စေရန် ဒါရိုက်တာက ဟာသစွက်၍ သွက်သွက်ရိုက်ကူးထားသည်။

ရန်အောင်၊ ကျော်ရဲအောင်၊ ထွန်းထွန်း၊ မြင့်မြတ်၊ မင်းသစ္စာ၊ရဲလေး၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်နှင့် မိုးမိုးမြင့်မြင့်မောင်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

ရင်နှင့်အောင်မွေး ရုံတင်မည်

ဂျာနယ်ကျော်မမလေး၏ တစ်ချိန်က နာမည်ကြီးခဲ့သောဝတ္ထုကို မျိုးရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာ မောင်ဝဏ္ဏက ရိုက်ကူးခဲ့ရာ မကြာမီ ရုံတင်ပြသတော့မည်ဖြစ်သည်။ **"ရင်နှင့်အောင်မွေး"** ဇာတ်ကားတွင် လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊ မိုးဒီ၊ ဦးခိုင်တင်၊ သရုပ်ဆောင်သစ် သုခစိုး၊ ခင်သန်းနု၊ မျိုးသန္တာထွန်း၊ နဝရတ်၊ ထူးမွန်၊ နွဲ့နွဲ့စန်းနှင့် ခင်မို့မို့အေးတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် နာမည်ကြီး သရုပ်ဆောင် နီကိုလပ်ကေ့ဂျ်ပါဝင်သည့် NATIONAL TREASURE BOOK OF SECRET စွန့်စားမှု အသားပေး ဇာတ်ကား ပြသမည်ဖြစ်သည်။

ရှေ့ဆောင်ရုံတွင် အိန္ဒိယမင်းသားချော ရှာရွတ်ခန်း ပါဝင်သည့် OM SHANTI OM အင်္ဂလိပ်စာတန်းထိုး၊ အိန္ဒိယစာတန်းထိုး အိန္ဒိယ ဇာတ်ကားပြသမည်ဖြစ်ပြီး ဘုရင့်ရုံတွင် VAAH LIFE HO TOHAISI ဝိညာဉ်ဇာတ်ကားနှင့် ဆုထူးပန်ရုံတွင် မင်းသားချော ရှာရွတ်ခန်း နှစ်ကိုယ်ခွဲ Dupli Cate အိန္ဒိယ ဇာတ်ကားတို့ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

မကြာမီ ရုံတင်ပြသတော့မည့် "ရင်နှင့်အောင်မွေး"ကားသစ်မှ လွင်မိုးနှင့် နဝရတ်တို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၂၀	၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄:၅၀	၆။ အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း" အပိုင်း(၂၈)**
၆:၃၅	၁၃။ အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၄၃)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ ကုန်သွယ်သုတ
	၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း (အပိုင်း-၃၉)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အင်ဒိုနီးရှားသို့ အက်ဖ် ၁၆ တိုက်လေယာဉ်များရောင်းချရေး အမေရိကန်၏ကမ်းလှမ်းချက်အား သတိထားသင့်ဟု ပြောကြား

ဂျကာတာ မတ် ၄

အင်ဒိုနီးရှားနိုင်ငံ ဗဟိုအစိုးရအနေဖြင့် အမေရိကန်နိုင်ငံ၏ အက်ဖ် ၁၆ ဖန်လ်ကွန်တိုက်လေယာဉ်များ ရောင်းချရန် ကမ်းလှမ်းမှုအား သတိထားသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက တနင်္လာနေ့တွင် သတိပေးလိုက်သည်။

လွှတ်တော် ကိုယ်စားလှယ်များ လုပ်ငန်းအဖွဲ့(၁)မှ ကိုယ်စားလှယ် ပါးမားဒီက ရှုထောင့်မျိုးစုံမှစဉ်းစားပြီး အထူးသဖြင့် ရောင်းချခြင်းကို ပိတ်ပင်တားမြစ်ရန် ခြိမ်းခြောက်မှုမျိုးကို လုပ်လာနိုင်ခြင်းအား စဉ်းစားမိ၍ အမေရိကန်လုပ် အက်ဖ် ၁၆ တိုက်လေယာဉ်များ ဝယ်ယူရေးကို ၎င်းတို့အဖွဲ့က ထောက်ခံမည်မဟုတ်ကြောင်းပြောကြားသည်ဟု အန်တာရာသတင်းဌာနက ကြေညာသည်။ ယင်းအဖွဲ့သည် နိုင်ငံ၏ ကာကွယ်ရေး၊ ပြန်ကြားရေးနှင့် နိုင်ငံခြားရေးကိစ္စများကို တာဝန်ခံရသည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများသည် ၎င်းတို့ပေါ်လစီကို ထောက်ခံသူနှင့် ဆန့်ကျင်သူ နိုင်ငံများအား ခွဲခြား ဆက်ဆံကြောင်း ပါးမားဒီက ထပ်လောင်းပြောကြားသည်။

အကယ်စင်စစ် အခြားနိုင်ငံများမှ ထုတ်လုပ်သော တိုက်လေယာဉ်များ ဥပမာ ဘရာဇီးနိုင်ငံမှ ထုတ်လုပ်သော တိုက်လေယာဉ်များသည် လုံးဝ ကောင်းမွန်ကြောင်း၊ ရောင်းချခြင်းမှ တားမြစ်ပိတ်ပင်မှုမျိုးမည်သည့်အချိန်မှ လုပ်မှာမဟုတ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံလေတပ်၏ တိုက်ခိုက်ရေး စွမ်းရည်မြင့်မားလာစေရန် ရုရှားနိုင်ငံလုပ် ဆူခွိုင်း တိုက်လေယာဉ်များဝယ်ယူရေးစီမံချက်အား ဆက်လက်အကောင်အထည်ဖော်ရန် အဖွဲ့(၁)က ထောက်ခံမှုပေးထားသည်။

အဖွဲ့(၁)မှ အခြားအဖွဲ့ဝင်တစ်ဦးက အမေရိကန်နိုင်ငံ၏ ကမ်းလှမ်းချက်နောက်ကွယ်မှ အကြောင်းရင်းကို စူးစမ်းလေ့လာသင့်ကြောင်း ပြောကြားသွားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အရှေ့ပိုင်း ဟန်ကျိုးမြို့တွင် စစ်ရေးလေ့ကျင့်နေသော ပြည်သူ့ စစ်တပ်ဖွဲ့ဝင်တစ်ဦးကို မတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗင်နီဇွဲလား၌ အမြင့်ဆုံးအဆင့်တပ်လှန့်ထား

ကရာကတ်စ် မတ် ၄

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က နိုင်ငံ၏ လက်နက်ကိုင်တပ်မတော်ကို အမြင့်ဆုံးအဆင့်အထိ တပ်လှန့်ထားပြီး ကိုလံဘီယာနိုင်ငံရှိ ဗင်နီဇွဲလားသံရုံးကို ပိတ်ကာ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ကိုလံဘီယာနယ်စပ်တွင် စုရုံးဖြန့်ကြက်ထားသည်။

ဗင်နီဇွဲလားနိုင်ငံတွင် တပ်လှန့်ထားပြီး အီကွေဒိုအား ထောက်ခံမည်ဟု ချာဗက်ဇ်က တနင်္ဂနွေနေ့တွင် ကြေညာသည်။ သမ္မတနှင့် ကာကွယ်ရေးဝန်ကြီးတို့က တပ်ရင်း ၁၀ ရင်းကို ကိုလံဘီယာ-ဗင်နီဇွဲလားနယ်စပ်သို့ ပြောင်းရွှေ့ပြီး တင့်ကားတပ်ရင်းများနှင့် စစ်လေယာဉ်များကိုလည်း ဖြန့်ကြက်ချထားရန် ချာဗက်ဇ်က အမိန့်ထုတ်ပြန်ထားသည်။

ကိုလံဘီယာနိုင်ငံတွင် အကြီးဆုံး လက်နက်ကိုင်အုပ်စုဖြစ်သည့် ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့များမှ(အက်ဖ်အေအာစီ)နိုင်ငံခြားရေးဝန်ကြီး ရာအူးလ်ရေးယက်စ်အား သတ်ဖြတ်မှုကို ချာဗက်ဇ်က အပြင်းအထန် ရှုတ်ချလိုက်သည်။

ကိုလံဘီယာ စစ်ဘက်က ရာအူးလ်ရေးယက်စ်အား အီကွေဒိုနယ်မြေပိုင်နက်အတွင်း၌ သတ်ဖြတ်ခဲ့သည်။ အီကွေဒိုက သံတမန်လမ်းကြောင်းမှ တစ်ဆင့် ယင်းသတ်ဖြတ်မှုကို တုံ့ပြန်သည့်အနေဖြင့်စာရေးသားကာကန့်ကွက်ခဲ့သည်။

အီကွေဒိုသမ္မတ ရေဖယ်ကော်ရီယာက မိမိထံသို့တယ်လီဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားကြောင်း၊ ကိုလံဘီယာနိုင်ငံဆိုင်ရာ အီကွေဒိုသံအမတ်ကြီးကို ကော်ရီယာက ပြန်လည်ခေါ်ယူထားပြီး ကိုလံဘီယာနှင့် ထိစပ်သည့် အီကွေဒိုနယ်စပ်တွင် တပ်ဖွဲ့ဝင်များ စုရုံးရန် အမိန့်ထုတ်ပြန်ခဲ့သည်ဟု ဖုန်းဖြင့် ပြောကြားခဲ့ကြောင်း ချာဗက်ဇ်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များ ဆက်လက်ပစ်ခတ်

ဂါဇာ မတ် ၄

အစ္စရေးတို့ နှစ်ရက်ကြာ ကျူးကျော်ဝင်ရောက် တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီး အစ္စရေးနိုင်ငံ တောင်ပိုင်းသို့ ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများက မတ် ၃ ရက်တွင် ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်ခဲ့သည်။ အစ္စရေးစစ်ဘက်ရေဒီယိုက ဂရက်အမျိုးအစား ဒုံးကျည်သုံးခုသည် ကမ်းရိုးတန်းမြို့ပေါ်ကျရောက်မှုကြောင့် အိမ်တစ်လုံး ပျက်စီးခဲ့သည်ဟု ဆိုသည်။ သို့သော် သေကျေဒဏ်ရာ ရရှိမှုကို ဖော်ပြခြင်းမရှိပေ။

ပစ်လွှတ်

ဟားမတ်စ်အုပ်စုက အစ္စရေးနိုင်ငံ တောင်ပိုင်းရှိ အက်ချ်ကီလွန်ဆိပ်ကမ်းမြို့အတွင်းသို့ ဒုံးကျည်များ ပစ်ခတ်ခဲ့ကြောင်း ပြောကြားသည်။

ပစ်ခတ်

အစ္စလာမ့်ဂျီဟတ် အဖွဲ့ကလည်း အစ္စရေးနိုင်ငံတောင်ပိုင်းရှိ အက်ချ်ကီလွန်မြို့နှင့်ဆီဒီရော့မြို့များကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။

ပြောကြား

ဒုံးကျည် ၁၂ ခု အစ္စရေးနိုင်ငံသို့ မတ် ၃ ရက်နံနက်ပိုင်းက ကျရောက်ခဲ့ကြောင်း၊ ထိုဒေသများသည် လူမနေသည့် ဒေသဖြစ်၍ သေကျေ ဒဏ်ရာရရှိမှု မရှိကြောင်း အစ္စရေးရေဒီယိုက ထုတ်လွှင့်သည်။

ပို့လွှတ်တိုက်ခိုက်

အစ္စရေးနိုင်ငံက ဗုဒ္ဓဟူးနေ့တွင် လေကြောင်း တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ပြီး မြေပြင်တပ်ဖွဲ့ဝင်များကိုလည်း ပို့လွှတ်တိုက်ခိုက်စေခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၁၀ သေဆုံးခဲ့ရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးနိုင်ငံ ဆီဒီရော့မြို့သို့ ပါလက်စတိုင်းတို့ ပစ်ခတ်သောဒုံးကျည်များ ကျရောက်လာသဖြင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဒေသခံများအား မတ် ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်၌ အင်အားပြင်း ငလျင်လှုပ်

မနီလာ မတ် ၄

ပြင်းအား ဗိုဒသမ ၅ အဆင့်ရှိသော မြေငလျင်တစ်ခုသည် ဖိလစ်ပိုင်နိုင်ငံ၏ အရှေ့ဘက် သမုဒ္ဒရာကမ်းခြေဒေသတွင် တနင်္လာနေ့ညက လှုပ်သွားရာယခုအချိန်အထိ အပျက်အစီးသတင်း မရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ငလျင်သည် ဒေသစံတော်ချိန် ည ၁၀နာရီ ၁၁မိနစ်တွင် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း ပန်ဒန်ရှိ အရှေ့၊အရှေ့တောင်ဘက် ၁၇၅ ကီလိုမီတာအကွာ မိုင် ၁၁၀ အနက် ၁၅ မိုင်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒ လေ့လာရေးဌာနက ပြောကြားသည်။

ပစိဖိတ်ဒေသတွင် ကျယ်ပြန့်သော ဆူနာမီ ဖြစ်ပေါ်လာမည်ဟု မမျှော်လင့်ကြောင်း ပစိဖိတ်ဆူနာမီ သတိပေးဌာနက ပြောကြားသည်။ သို့သော် ယခု ငလျင်ပမာဏသည် ဗဟိုချက်မှ ကီလိုမီတာ ၁၀၀ အတွင်းတွင် ဒေသတွင်း ဆူနာမီလှိုင်းများ တစ်ခါတစ်ရံ ဖြစ်ပေါ်နိုင်ကြောင်း ထပ်မံသတိပေးသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီကွေဒို၏အချုပ်အခြာအာဏာ ချိုးဖောက်သည်ဟု စွပ်စွဲချက် မမှန်ကန်ကြောင်း ကိုလံဘီယာအစိုးရ ပြောကြား

ဘိုဂိုတာ မတ် ၄

ကိုလံဘီယာ တပ်ဖွဲ့များက ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်တပ်ဖွဲ့(အက်ဖ်အေအာစီ)အား ထိုးစစ်ဆင်နွှဲရင်းဖြင့် အီကွေဒိုနိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်သည်ဟု စွပ်စွဲချက်ကို ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီးဌာနက တရားဝင်ငြင်းဆိုလိုက်သည်။ ကိုလံဘီယာ တပ်ဖွဲ့ဝင်များ၏ စနေနေ့ ထိုးစစ်ကြောင့် အက်ဖ်အေအာစီ အဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

ကိုလံဘီယာက အီကွေဒို၏ အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်း မရှိခဲ့ဘဲ တရားဝင်ကာကွယ်ပိုင်ခွင့်ရှိသည့် မူဝါဒအပေါ်အခြေခံ၍ တိုက်ခိုက်ခဲ့ခြင်းသာဖြစ်ကြောင်း၊ အကြမ်းဖက်သမားများက ကိုလံဘီယာပြည်သူများအား သတ်ဖြတ်နေကြပြီး အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံရန် ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း ကိုလံဘီယာနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင်ဖော်ပြထားသည်။

အီကွေဒိုသမ္မတ ရေဖယ်ကော်ရီယာက စနေနေ့တွင် ကိုလံဘီယာတပ်ဖွဲ့၏ တိုက်ခိုက်မှုကို တရားဝင် ရှုတ်ချလိုက်ပြီး အဆိုးရွားဆုံးသော ကျူးကျော်တိုက်ခိုက်မှုဟု စွပ်စွဲလိုက်သည်။

အက်ဖ်အေအာစီမှ ရောလ်ရီယိစ်နှင့် အက်ဖ်အေအာစီ တိုက်ခိုက်ရေးသမား ၁၆ ဦးတို့သေဆုံးခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်ပြည်နယ် ဆီယက်တယ်မြို့၌ အိမ်တစ်လုံးမီးလောင်နေသည်ကို မတ် ၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နီပေါ၌ ကုလသမဂ္ဂရဟတ်ယာဉ်ပျက်ကျ၊ ၁၀ ဦးသေဆုံး

ခတ္တမန္ဒူ မတ် ၄

နီပေါနိုင်ငံ အလယ်ပိုင်းရှိ တောင်ထူထပ်သောဒေသတွင် မတ် ၃ ရက်က ကုလသမဂ္ဂ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့သည်။ ကုလသမဂ္ဂရဟတ်ယာဉ် အမှတ် ၃၀၁ သည် ခတ္တမန္ဒူမြို့ အရှေ့ဘက် ကီလိုမီတာ ၄၀ ခန့်အကွာတွင် တောင်နှင့်တိုက်မိပြီး ပေါက်ကွဲပျက်စီးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အခင်းဖြစ်ပွားရာဒေသမှ အလောင်းခုနစ်လောင်းကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီး ပျက်ကျရခြင်းအကြောင်းရင်း မသိရှိရသေးချေ။ မတ် ၃ ရက်က ရာသီဥတုဆိုးရွားပြီး မိုးရွာသဖြင့် ကုန်သွယ်မှုနှင့်ဆိုင်သော လေယာဉ်အများအပြား ပျံသန်းခွင့်မပြုရန် အသိပေးတားဆီးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်လူမျိုးစုဒေသ၌ တိုက်ခိုက်မှုဖြစ်၊ ၁၀ဦးသေဆုံး

အစ္စလမ္မာဘတ် မတ် ၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ လူမျိုးစုဒေသတွင် မတ်၃ရက်က ဒေသခံများနှင့် ဘာသာရေးအဖွဲ့ကို ထောက်ခံသော လက်နက်ကိုင်အုပ်စုတို့ ပြဿနာပေါ်ပေါက်ပြီး အချင်းဖြစ်ပွားရာ လူအနည်းဆုံး ၁၀ဦးသေဆုံးသည်။

ဘာရာရှန်ခန်ကျေးရွာကြီး၌ နေထိုင်သည့် ခေဘာမျိုးနွယ်စုအဖွဲ့နှင့် လာချ်ကာအီအစ္စလာမ်အဖွဲ့မှ လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း နိုင်ငံတကာသတင်းကွန်ရက်(အင်န်အင်န်အိုင်) သတင်းဌာနက ဖော်ပြသည်။

အဆိုပါအုပ်စုနှစ်စုအကြား တိုက်ခိုက်မှုသည် လေးနာရီကျော် ကြာမြင့်ခဲ့ကြောင်း၊ အနည်းဆုံး ၁၀ဦး သေဆုံးပြီး ၁၀ဦးကျော် ဒဏ်ရာရရှိကြောင်း၊ နေအိမ်ဒါဇင်များစွာပျက်စီးရကြောင်း ၎င်းသတင်းဌာနက ထည့်သွင်းဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက်ကိန်းအား ရီပတ်ဘလီကန်ပါတီ၏ သမ္မတလောင်းအဖြစ် ရွေးချယ် ကလင်တန်က အိုဟိုင်းယိုးနှင့်တက္ကဆက်၌ အနိုင်ရ၊ အိုဘားမား ဗားမောက်၌သာ အနိုင်ရ

ဝါရှင်တန် မတ် ၅

ရီပတ်ဘလီကန်ပါတီမှ အရွေးချယ်ခံသူ ဂျွန်မက်ကိန်းအား ယင်းပါတီက သမ္မတလောင်းယှဉ်ပြိုင်သူအဖြစ် မတ် ၄ရက်တွင် အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်သည်။ ဒီမိုကရက်တစ်ပါတီမှ အကြိုအခြေခံသမ္မတလောင်း ယှဉ်ပြိုင်သူ ဟီလာရီကလင်တန်သည်လည်း အိုဟိုင်းယိုးပြည်နယ်တွင် ယှဉ်ပြိုင်အရွေးခံသူ ဘာရက်အိုဘားမားအပေါ် အနိုင်ရလိုက်သည်။

ယခုပွဲတွင် ကလင်တန် အနိုင်ရလိုက်သည့်အတွက် သူမအနေဖြင့် ပါတီတွင်း သမ္မတလောင်းရွေးပွဲတွင် ဆက်လက်ယှဉ်ပြိုင်ရန် အခွင့်အလမ်းရလိုက်သဖြင့် အသက်ရှုပေါက်ချောင်သွားသည်ဟုဆိုသည်။ ဗားမောက်၊ အိုဟိုင်းယိုး၊ တက္ကဆက်နှင့် ရိုဒီစ်အိုင်လင်ဒေသ လေးခုတွင် မက်ကိန်းသည် အနိုင်ကြီးနိုင်လိုက်သည့်အတွက် လိုအပ်သည့် ပါတီတွင်း ကိုယ်စားလှယ်မဲ အရေအတွက် ၁၁၉၁မဲထက်ပင် ကျော်လွန်ရရှိသွားသည်။ သို့ဖြစ်၍ ၎င်း၏ ရွေးချယ်ပွဲ ယှဉ်ပြိုင်ဘက် အာကင်ဆောပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ဟက်ကာဘီမှာ ပြိုင်ပွဲမှ နုတ်ထွက်လိုက်ရပြီဖြစ်သည်။

အိုဘားမားသည် ဗားမောက်နယ်တွင် ကလင်တန်အပေါ် အနိုင်ရရှိသွားချိန်တွင် ကလင်တန်သည်လည်း ရိုဒီစ်အိုင်လင်း၊ အိုဟိုင်းယိုးနှင့် တက္ကဆက်တို့၌ ပြန်လည်အနိုင်ရရှိလိုက်သည်။ ယခုကဲ့သို့ ကလင်တန်က အိုဟိုင်းယိုး၊ တက္ကဆက်နှင့် ရိုဒီစ်အိုင်လင်တွင် အနိုင်ရရှိလိုက်သည့်အတွက် အိုဘားမားအနေဖြင့် မဲဆန္ဒနယ် ၁၂ ခုတွင် ဆက်တိုက် အနိုင်ရရှိမည့်အခြေအနေမှ လွဲခဲ့ရသည်။

သို့ဖြစ်၍ ၎င်းယှဉ်ပြိုင်ဘက်နှစ်ဦး အနေဖြင့် ဒီမိုကရက်တစ်ပါတီတွင်း၌ သမ္မတလောင်းအဖြစ် သတ်မှတ်ခံရရေး အတွက် လာမည့် ဧပြီ ၂၂ ရက်တွင် ပင်ဆယ်လ်ဗေးနီးယား မဲဆန္ဒနယ်၌ အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ရီပတ်ဘလီကန်ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူ ဆီနိတ်တာဂျွန်မက်ကိန်း။ (ဓာတ်ပုံ-အင်တာနက်)

ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအမည်စာရင်း တင်သွင်းခံရရန် ယှဉ်ပြိုင်ရာ၌ အသာရနေဆဲဖြစ်သော အီလီနွိုက်ဆီနိတ်တာ ဘာရက် အိုဘားမား။ (ဓာတ်ပုံ-အင်တာနက်)

ဆူဒန်၌ အီးယူတပ်ဖွဲ့ဝင် တစ်ဦး ပျောက်ဆုံး

ပဲရစ် မတ် ၄

ချဒ်နိုင်ငံအတွင်း တပ်ဖြန့်နေသည့် ဥရောပသမဂ္ဂလုံခြုံရေးတပ်ဖွဲ့မှ ယာဉ်တစ်စီးသည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဆူဒန်နိုင်ငံအတွင်း ဆူဒန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အုပ်စုကွဲကာ တပ်ဖွဲ့ဝင်တစ်ဦးပျောက်ဆုံးနေကြောင်း အီးယူက တနင်္လာနေ့တွင် ပြောကြားသည်။

အီးယူတပ်ဖွဲ့များ တပ်ဖြန့်ထားသော တစ်ဆီဒေသ အရှေ့တောင်ဘက်တွင် မတော်တဆဖြစ်ပွားမှုကြောင့် ဥရောပ တပ်ဖွဲ့ဝင်တစ်ဦး ပျောက်ဆုံးနေကြောင်း အီးယူက ပြောကြားပြီး အသေးစိတ် အကြောင်းအရာကို ဖော်ပြခြင်းမရှိချေ။

ချဒ်နိုင်ငံ အရှေ့ပိုင်းတွင် လူ ၄၀၀၀၀၀ ကျော်အတွက် လုံခြုံရေး စောင့်ရှောက်ရန် တပ်ဖွဲ့ဝင်အင်အား ၃၇၀၀ ကို ကုလသမဂ္ဂက စေလွှတ်ခဲ့သည်။ တပ်ဖွဲ့ဝင် ထက်ဝက်ကျော်မှာ ပြင်သစ်နိုင်ငံမှဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်စစ်ဌာနချုပ်၏ အစီရင်ခံစာ တရုတ်အစိုးရ ရှုတ်ချ

ပေကျင်း မတ် ၅

အမေရိကန်စစ်ဌာနချုပ်က အမေရိကန် အောက်လွှတ်တော်သို့ တင်သွင်းသည့် နှစ်ပတ်လည် အစီရင်ခံစာကို တရုတ်အစိုးရက ရှုတ်ချလိုက်သည်။ ယင်းအစီရင်ခံစာတွင် တရုတ်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အင်အားကိုဖော်ပြထားရာ တရုတ်အစိုးရက ယင်းအစီရင်ခံစာက အချက်အလက်များကို ပုံကြီးချဲ့ ဖော်ပြထားပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ကာ စစ်အေးခေတ်က အတွေးအခေါ်အချို့ကို ဖော်ပြလိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်ဂန်က ပြောကြားသည်။

တရုတ်အစိုးရက ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ အမေရိကန်အစိုးရသို့ တည်ငြိမ်လေးနက်စွာ တင်ပြခဲ့ပြီး တရုတ်နိုင်ငံက ဆိုင်ဘာထိုးစစ်တွင် ပါဝင်မှု မရှိခဲ့ကြောင်း ကင်ဂန်က ထပ်လောင်း ပြောကြားသည်။

အမေရိကန်၏ အစီရင်ခံစာသည် တရုတ်နိုင်ငံက ခြိမ်းခြောက်မှုအန္တရာယ် တစ်ရပ်ဖြစ်နေသည်ဟူသည့် အဆိုပါဘက်မှ သံယောင်လိုက် ဖော်ပြထားပြီး လက်ရှိအချက်အလက်များနှင့် ကိုက်ညီမှုမရှိသည့်အပြင် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်းသာဖြစ်သည်ဟု ကင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်အနေဖြင့် စစ်အေးကာလ အတွေးအခေါ်များကို စွန့်လွှတ်ရန် မိမိတို့က တောင်းဆိုပြီး တရုတ်နိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုကို မှန်မှန်ကန်ကန် အသိအမှတ်ပြုကာ အစီရင်ခံစာ၏ မှားယွင်းဖော်ပြမှုများကို ပြန်လည်ပြင်ဆင်ရန် တောင်းဆိုထားပြီး ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ အလွန်အမင်း ကျေနပ်မှုမရှိဟု ကင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အိုဘားမားကို ရှုံးနေရာမှ ပြန်လည်အနိုင်ရရှိခဲ့သူ နယူးယောက် ဆီနိတ်တာ ကလင်တန်။ (ဓာတ်ပုံ-အင်တာနက်)

အကျဉ်းထောင်မှထွက်ပြေးသွားသည့် အကြမ်းဖက်ခေါင်းဆောင် စင်ကာပူတွင်ပင် ရှိနိုင်ဟု ရဲတပ်ဖွဲ့က ယုံကြည်

စင်ကာပူ မတ် ၄

စင်ကာပူရဲတပ်ဖွဲ့က အလိုရှိနေသည့် ဂျမားအစ္စလမ်မီးယားအဖွဲ့ခေါင်းဆောင် မက်စ်ဆီလာမက်ကတ် စတာရီသည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်သွားသည်မှာ လေးရက်ရှိပြီဖြစ်သော်လည်း ၎င်းသည် စင်ကာပူနိုင်ငံအတွင်းပင် ယခုတိုင် ရှိနေမည်ဖြစ်ကြောင်း အခိုင်အမာ ယုံကြည်နေကြသည်။

ငွေမရှိ၊ စားနပ်ရိက္ခာမရှိ

ကတ်စတာရီသည် အကူအညီတစ်စုံတစ်ရာ ရယူမှုမရှိဘဲ လွတ်မြောက်သွားခဲ့ပြီး ၎င်းတွင် ငွေမရှိ၊ စားနပ်ရိက္ခာမရှိဘဲ စင်ကာပူမှထွက်ခွာရန်မဖြစ်နိုင်ဟု အာဏာပိုင်များက ပြောကြားကြောင်း နယူးစ်အေရှ ရုပ်မြင်သတင်းဌာနက ဖော်ပြသည်။

ထွက်ပြေးလွတ်မြောက်

ကတ်စတာရီသည် ချန်ဂီလေဆိပ်မှ လေယာဉ်တစ်စင်းကို အပိုင်စီး ဖောက်ခွဲပစ်ရန် ကြံစည်သည်ဟု စွပ်စွဲခံရသည်။ ၎င်းသည် ဝှစ်တလေးလမ်း အကျဉ်းထောင်မှ ဗုဒ္ဓဟူးနေ့က ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

မတွေ့မချင်းရှာမည်

၎င်းအနေဖြင့် စင်ကာပူမှ ထွက်ခွာသည့် အထောက်အထားမရှိသေးကြောင်း၊ ယင်းကြောင့် မိမိတို့၏ ပထမဦးစားပေးအစီအစဉ်သည် ၎င်းအား ရှာဖွေရေးဖြစ်ကြောင်း၊ ၎င်းအား မတွေ့မချင်း ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း စင်ကာပူ ဒုတိယဝန်ကြီးချုပ် ဝန်ကန်ဆင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မာကယ်နှင့်ဆာကိုဇီ မြေထဲပင်လယ်ဒေသသမဂ္ဂဖွဲ့ရေး သဘောတူညီ

ဘာလင် မတ် ၄

ဂျာမန်ဝန်ကြီးချုပ် အင်ဂျလာမာကယ်နှင့် ပြင်သစ်ဝန်ကြီးချုပ် သမ္မတနီကိုလပ်ဆာကိုဇီတို့သည် ပြင်သစ်တို့ တင်ပြထားသော မြေထဲပင်လယ်ဒေသ သမဂ္ဂတစ်ခု ထူထောင်ရန် အဆိုပြုချက်အား တနင်္လာနေ့က သဘောတူလိုက်ပြီဖြစ်ကြောင်း ပြည်တွင်း သတင်းဌာနများက ပြောသည်။

ဆာကိုဇီက ဂျာမနီနိုင်ငံ အင်နိုဗာမြို့တွင် မာကယ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အခြေခံနှင့် အသေးစိတ် အချက်အလက်များအား သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ပြောကြားသည်။

၎င်းတို့သဘောတူထားသော မြေထဲပင်လယ်ဒေသ သမဂ္ဂတွင် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်ရေးအတွက် အာဖရိကတိုက် မြောက်ပိုင်းနိုင်ငံများ ပါဝင်ကြမည်ဖြစ်ပြီး ဥရောပနိုင်ငံအားလုံးလည်းပါဝင်ရန် တံခါးဖွင့်ပေးထားသည်။

မြေထဲပင်လယ်ဒေသ နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်ခြင်းသည် မဟာဗျူဟာမြောက် အရေးကြီးကြောင်း မာကယ်က ပြောကြားသည်။

ယခုနောက်ပိုင်း ဘရပ်ဆယ်မြို့တွင် ကျင်းပမည့် အီးယူညီလာခံ၌ မြေထဲပင်လယ်ဒေသ သမဂ္ဂအဆိုပြုချက် အသေးစိတ်ကို နိုင်ငံခေါင်းဆောင်များထံသို့ တင်ပြမည်ဖြစ်သည်။

အင်အမ်အေ၊ဆင်ဟွာ။

အာမေးနီးယားတွင် ဆန့်ကျင်ဆန္ဒပြသူ ၃၀ ကို အာဏာပိုင်များက ဖမ်းဆီး

ယီရီဗန် မတ် ၅

အာမေးနီးယားနိုင်ငံတွင်း၌ ပေါ်ပေါက်သော မတည်ငြိမ်မှုအခြေအနေကို ဆူပူမှုဖြစ်ပွားအောင် လှုံ့ဆော်သည့်အတွက် ဆန့်ကျင်ဘက်အဖွဲ့အစည်းမှ ဆန့်ကျင်ဆန္ဒပြသူ လူ ၃၀ ကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ရှေ့နေချုပ်က မတ် ၄ ရက်တွင် ပြောကြားသည်။

အာမေးနီးယားနိုင်ငံသည် ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့သော ဒေသတစ်ခုဖြစ်သည်။ နိုင်ငံတွင်း၌ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းရန် လိုအပ်သည်ဟု အာမေးနီးယား စစ်ဘက်အကြီးအကဲက ပြောကြားသည်။ အတိုက်အခံများကမူ အာဏာပိုင်များသည် ရရှိထားသော အခွင့်အာဏာကို အလွဲသုံးစားပြုသည်ဟု စွပ်စွဲကြသည်။

လက်တစ်ဆုပ်စာအရေအတွက်မျှသာရှိသော ထင်ရှားသည့် အတိုက်အခံခေါင်းဆောင်အချို့ကိုလည်း ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ ၎င်းတို့အား အာဏာသိမ်းရန် ကြံစည်မှု၊ တရားမဝင်လက်နက်ကိုင်ဆောင်မှုတို့ဖြင့် ဖမ်းဆီးခြင်းဖြစ်သည်။ ဆန့်ကျင်ကန့်ကွက်သူများသည် ဖေဖော်ဝါရီ ၁၉ ရက် သမ္မတရွေးကောက်ပွဲရလဒ်ကို မကျေနပ်သဖြင့် ဆန္ဒပြကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးတပ်ဖွဲ့များက ဂါဇာဒေသမှဖမ်းဆီးသွားသော ပါလက်စတိုင်း နှစ်ဦးကို မတ် ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာနိုင်ငံနယ်စပ်သို့ ပြောင်းရွှေ့နေရာချထားသော ဗင်နီဇွဲလားနိုင်ငံတပ်ဖွဲ့မှ သံချပ်ကာယာဉ်တစ်စီးကို မတ် ၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒီမိုကရေစီလိုချင်လျှင်

မဟာသမွန်

နိုင်ငံတော်အစိုးရက လာမည့် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အခြေခံဥပဒေကို အတည်ပြုမည်ဟု ကြေညာလိုက်သောအခါ ဝေဖန်သံများထွက်လာသည်။ ဆန့်ကျင်လှုံ့ဆော်သံတချို့ ကြားလာရသည်။ မဲသွားမပေးနဲ့ဟု တိုက်တွန်းသူကတိုက်တွန်းသည်။ ထောက်ခံမဲမပေးနဲ့ ကန့်ကွက်လိုက်ဟု လှုံ့ဆော်သူက လှုံ့ဆော်သည်။ အကျိုးရှိက အကြောင်းရှိလာလိမ့်မည်။ သက်ရောက်မှုတိုင်းအတွက် တန်ပြန်သက်ရောက်မှုရှိသည်။

NLD ကလည်း ပြည်သူလူထုအနေဖြင့် မဲမပေးဖို့ လှုံ့ဆော်နေကြောင်း တွေ့ရသည်။ အမျိုးသားညီလာခံစတင်စဉ်က NLD လည်းပါခဲ့သည်ပင်။ NLD နုတ်ထွက်သွားစဉ်အထိ ဆုံးဖြတ်ချမှတ်ထားနိုင်ခဲ့သော အခြေခံမူများမှာ NLD ကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့ခြင်းပင်။ ယခုတော့ မဲမပေးနှင့်ဟု ပြောလာသည်။ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသေဆုပ်ကိုင်ထားသည်။ လွှတ်တော်ကို ခွတ်ခေါ်ဖို့လည်း ယခင်က လုပ်ခဲ့သည်။ ၉၀ ရွေးကောက်ပွဲအတည်ပြု၊ လွှတ်တော်ခေါ် NLD က အစိုးရဖွဲ့ဟူသောလမ်းစဉ်မှာ မဖြစ်နိုင်တော့သော စိတ်ကူးယဉ်လမ်းစဉ်ဖြစ်နေပေပြီ။ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ်ပင် မည်မျှကျန်သနည်း။ သေဆုံးသူနှင့် ပြည်ပြေးဖြစ်သွားသူတွေကို နုတ်လိုက်လျှင် အလွန်ပင်နည်းနေပေပြီ။

စင်စစ်အရှိတရားဖြင့် ဒီမိုကရေစီရရှိရေးကို ကြိုးစားသင့်လှသည်။ အသက်(၁၈)နှစ်ပြည့်သူတိုင်း မဲပေးခွင့်ရှိသည်။ မဲပေးခွင့်ရှိပါလျက်နှင့် မဲသွားမပေးလျှင် နိုင်ငံသားတစ်ဦး၏အခွင့်အရေး ဆုံးရှုံးပေတော့မည်။ မဲတော့ပေးပါရဲ့၊ ထောက်ခံမဲမပေးဘဲနှင့် ကန့်ကွက်မဲပေးလိုက်လျှင် ဘာဖြစ်သွားမည်နည်း။ ၂၀၁၀ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာထားရာ မေလတွင် အခြေခံဥပဒေ အတည်မပြုနိုင်ပါက ရွေးကောက်ပွဲလည်း အချိန်မီ ကျင်းပနိုင်မည်မဟုတ်။ သို့ဆိုလျှင် ဒီမိုကရေစီသည်လည်း ရဖို့ ဝေးသထက် ဝေးပေဦးတော့မည်။

ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ အခြေခံဥပဒေပင်ဖြစ်သည်။ အခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီအတွက် အရေးအကြီးဆုံး အာမခံချက်ကြီးဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့်တော့ ပြည်သူတို့ လိုချင်ပါသည်ဆိုသော ဒီမိုကရေစီမရှိနိုင်ပေ။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေတစ်ရပ်မှာ မလွဲမသွေ လိုအပ်မြဲပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ်က နယ်ချဲ့လက်အောက်၌ ရေးဆွဲခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ပြည်ထောင်စုပါ ပြိုကွဲလုလုဖြစ်စေသည်အထိ ချို့ယွင်းချက်တွေ များပြားလှသောကြောင့် ၁၉၆၂ခုနှစ်တွင် ဆိတ်သုဉ်းပျက်ပြားသွားခဲ့ရသည်။ ယခုတိုင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်အသက်သွင်းရန် ပြည်ပမှနေ၍ ကြိုးစားနေသူ တစ်ယောက်စ နှစ်ယောက်စမှာ ခွဲထွက်ရေးသမားများသာဖြစ်သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေမှာ မီးရှို့သင်္ဂြိုဟ်ပြီးပေပြီ။ ပြန်လည်တမ်းတစရာ မရှိတော့။

၁၉၇၄ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သော အခြေခံဥပဒေမှာ ဆိုရှယ်လစ်ဝါဒဖြင့် တစ်ပါတီတည်းသာ အုပ်ချုပ်ခွင့်ရသော ဥပဒေဖြစ်သည်။ အချိန်ယူပြင်ဆင်ပြီး ထောက်ခံမဲ ၉၁ ရာခိုင်နှုန်းကျော်ဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သော်လည်း ၁၉၈၈ခုနှစ်တွင် ပြည်သူလူထုက မကြိုက်တော့သဖြင့် ဖျက်သိမ်းခဲ့ရသည်။ ထိုအခြေခံဥပဒေမှာလည်း ဆွေးမြည့်လွင့်ပြယ်ပျောက်ကွယ်သွားပေပြီ။ လွမ်းစရာ မရှိတော့ပြီ။

ယခု အခြေခံဥပဒေမှာ အခက်အခဲ အကျပ်အတည်း အမျိုးမျိုးကြားမှ ကိုယ်စားလှယ် ၁၀၀၀ ကျော်၏ တညီတညွတ်တည်း ကြိုးပမ်းအားထုတ်မှုကြောင့် ပေါ်ထွက်လာရခြင်း ဖြစ်သည်။ ယခင်ဥပဒေများထက် အဆများစွာသာသည်။ ၁၉၄၇ခုနှစ် ဥပဒေတွင် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တွေ မပါဝင်ခဲ့။ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်ကို ပြတ်ပြတ်သားသား မသတ်မှတ်နိုင်ခဲ့၍ အကြီးအကျယ် စစ်ဖြစ်ခဲ့ရသည်။ ၁၉၇၄ခုနှစ် ဥပဒေကျမှ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တွေ တိုးလာသော်လည်း တစ်ပါတီတည်းက ဦးဆောင်သောစနစ် ဖြစ်နေသည်။

ယခု အခြေခံဥပဒေတွင် လက်ရှိ ပြည်နယ်နှင့်တိုင်းများအပြင် "ဝ" တိုင်းရင်းသားတို့အတွက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ နာဂတိုင်းရင်းသားတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ ပါလာသည်။ ကျန်တိုင်းရင်းသားတို့အတွက် လူဦးရေအလိုက် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ပိုင်ခွင့်တွေ ပိုလာသည်။ ပြည်နယ်အစိုးရတွေ ဖွဲ့စည်းခွင့်ကဲ့သို့ အခွင့်အရေးမှာ အာဏာခွဲဝေမှုတွင် ပိုမိုအခွင့်သာလာခြင်း ဖြစ်သည်။ မကြိုက်သေးဘူးဆိုလျှင်လည်း အခြေခံဥပဒေကို ပြင်ဆင်သည့်အခန်း ပါဝင်သည်။ ထိုအခြေခံဥပဒေကို ကျင့်သုံးပြီး ရင့်ကျက်လာသည်နှင့်အမျှ အပြောင်းအလဲ လုပ်လို့ရသည့် အခွင့်အရေးလည်းရှိသည်။ တင်းကျပ်လွန်းသည့် ဥပဒေမျိုးလည်းမဟုတ်ပေ။

လွန်ခဲ့သည့် (၁၀)နှစ်ကျော်က လက်တစ်ဆုပ်စာ လူတစ်စုက အသံကောင်းဟစ်ခဲ့ကြသော မဲသရောထ ကြေညာချက်ကို သုံးပွင့်ဆိုင်ဆွေးနွေးပွဲအဖြစ် ယခုမှ တောင်းဆိုနေလို့တော့ မဖြစ်ပေ။ ဒေါ်စုကြည်ပါမှ၊ NLD ပါမှ ဆိုလျှင်လည်း အခြေခံဥပဒေကို အသစ်က ပြန်ဆွဲရပေတော့မည်။ ဤအခြေအနေမျိုးအထိ ပြည်သူကရော လက်ခံနိုင်ပါမည်လား။

သင်အသက် (၁၈)နှစ် ပြည့်ပါပြီလား။

နိုင်ငံသားတစ်ဦးအနေဖြင့် မဲပေးနိုင်ခွင့်ကို လက်လွှတ် မဆုံးရှုံးပါစေနှင့်။

ဒီမိုကရေစီကို အမြန်ဆုံး လိုချင်ပါသလား။

ဒီမိုကရေစီ ဖော်ဆောင်ပေးနိုင်မည့် အခြေခံဥပဒေမူကြမ်းကို အသည်းကြားက မဲတစ်ပြားဖြင့် ထောက်ခံပြီး အတည်ပြုပေးလိုက်ပါ။

သင်သည် နိုင်ငံတော်အတွက် တာဝန်ကျေပွန်သွားသော နိုင်ငံသားတစ်ဦးအဖြစ် ဂုဏ်ယူနိုင်ပါလိမ့်မည်။ ။

ယခု အခြေခံဥပဒေတွင် လက်ရှိ ပြည်နယ်နှင့်တိုင်းများအပြင် "ဝ" တိုင်းရင်းသားတို့အတွက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ နာဂတိုင်းရင်းသားတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေ ပါလာသည်။ ကျန်တိုင်းရင်းသားတို့ အတွက် လူဦးရေအလိုက် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်ပိုင်ခွင့်တွေ ပိုလာသည်။ ပြည်နယ်အစိုးရတွေ ဖွဲ့စည်းခွင့်ကဲ့သို့ အခွင့်အရေးမှာ အာဏာခွဲဝေမှုတွင် ပိုမို အခွင့်သာလာခြင်း ဖြစ်သည်။ မကြိုက်သေးဘူးဆိုလျှင်လည်း အခြေခံဥပဒေကို ပြင်ဆင်သည့်အခန်း ပါဝင်သည်။ ထိုအခြေခံဥပဒေကို ကျင့်သုံးပြီး ရင့်ကျက်လာသည်နှင့်အမျှ အပြောင်းအလဲ လုပ်လို့ရသည့် အခွင့်အရေးလည်းရှိသည်။ တင်းကျပ်လွန်းသည့် ဥပဒေမျိုး လည်းမဟုတ်ပေ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

NGO ဆိုင်ရာ အတွေ့အကြုံများ ဟောပြောမည်

ရန်ကုန် မတ် ၅

ဝါဏိဇ္ဇတွဲ့ရများအသင်း(မြန်မာနိုင်ငံ) C.G.A အသင်းကြီးမှ ကြီးမှူး၍ အကြိမ်(၃၀)မြောက် ဟောပြောပွဲကို မတ် ၈ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် IBC (International Business Centre) ၌ ဒေါက်တာစောနိုင် M.B.,B.S (Ygn) DP & TM (Ygn)က Role of NGOs in helping the Environment (Experiences from F.O.R.M) အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)တို့၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်သော အခန်းကဏ္ဍ (သစ်တောမိတ်ဆွေအသင်း၏ လုပ်ငန်းအတွေ့အကြုံများ) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း–၂၉၁၆၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆–၃–၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀–၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"အလှဆုံးပိုင်ရှင်"တရားတော် (ဆရာတော် အရှင်ပညာနန္ဒ)
၈း၀၀–၂း၀၀	နိဗ္ဗာန်ဆီသို့…… အမေးအဖြေများ
၈း၂၀–၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅–၂း၂၅	ပြည်တွင်းအနုပညာရေးရာ
၈း၄၅–၂း၄၅	ပညာရန့်မွှေးပျံ့သင်းထုံစာပန်းရဂုံ
၉း၀၀–၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀–၃း၁၀	သွားမယ် စားမယ် (Utopia Cafe)
၉း၃၀–၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅–၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀–၃း၄၀	မန်းရွှေစက်တော်မှ ခြေတော်ရာဦးဖူးရအောင်
၉း၅၅–၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀–၄း၀၀	စက်မှုစီးပွားထုတ်ကုန်အား (ကော်ဖီမှုန့်ထုတ်လုပ်မှုနည်းစနစ်များ)
၁၀း၂၅–၄း၂၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၁၀း၄၅–၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅–၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀–၅း၀၀	နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁၁း၂၀–၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅–၅း၂၅	အံ့ဖွယ်ထူးခြားဖြစ်စဉ်များနဲ့ ဖူးမဝတဲ့ ဆံတော်ရှင်ဦးဇိနစေတီ
၁၁း၃၅–၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀–၅း၄၀	ကာကွယ်ကယ်ဆယ်မီးဘေးအန္တရာယ်(အပိုင်း–၃)
၁၂း၀၀–၆း၀၀	ဆန့်ကျင်ကာကွယ်ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)]
၁၂း၄၀–၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅–၆း၄၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကချင်ပြည်နယ်ရှိ ဆက်သွယ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၂၉ ရက်တွင် ကချင်ပြည်နယ်ရှိ နမ္မတီး မိုက္ကရိုဝေ့ဖ် ဆက်သွယ်ရေးစခန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။



ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မိုးကောင်းမြို့ ဆက်သွယ်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဝန်ကြီးသည် မတ် ၁ ရက် နံနက်ပိုင်းတွင် မိုးကောင်းမြို့ ဆက်သွယ်ရေးစခန်း၌ ဆက်သွယ်ရေးပစ္စည်းများ တပ်ဆင်ထားရှိမှု၊ အော်တိုအိတ်ချိန်း၌ ဆက်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆယ်လူလာတယ်လီဖုန်းစနစ် တပ်ဆင်ဆောင်ရွက်နေမှု၊ ဆားမော်မြို့ မိုက္ကရိုဝေ့ဖ်စခန်း၌ ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှူဒါန်း

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဟိုပင်မြို့ မိုက္ကရိုဝေ့ဖ်ဆက်သွယ်ရေးစခန်းနှင့် အင်းတော်ကြီး ဒေသရှိ နန်းမွန်ကျေးရွာ အိတ်ချိန်းတို့သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အင်းတော်ကြီးဒေသရှိ ရွှေမြို့ရေလယ်ဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင်စေတီအနီး မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်းတိုက်အတွင်း မဂ္ဂဓမ္မလေးထပ်ကျောင်းဆောင်အတွက် မတည်အလှူရှင် ကွယ်လွန်သူဖခင်ကြီး ဦးစံအားရည်စူး၍ ဒေါ်သန်းစိန်နှင့် သား၊ သမီး၊ မြေးတစ်စု(ဦးစံထမင်းဆိုင်၊ ၁၅ လမ်း၊ ညောင်ပင်လေးဈေးပလာဇာ)က အလှူငွေကျပ် ၁၀ သိန်းကို သုညတဓမ္မ ဆရာတော် ဦးစန္ဒသေနထံ လှူဒါန်းစဉ်။
(က-ပ)

တာမွေမြို့နယ် ကျောက်မြောင်း မြို့သစ် ၁ လမ်းနေ မောင်အောင်ကျော်လွင်-မသဥ္ဇာမော်မိသားစုတို့က ကြေးပြား ၁၀ ချပ်အတွက် ငွေကျပ်၂၅၀၀၀၀၊ ကုန်ဈေးတန်းလမ်း ပုဇွန်တောင်မြို့နယ်နေ ဒေါ်ကျင်အေးမိသားစုက ကြေးပြားနှစ်ချပ်အတွက် ငွေကျပ်ငါးသောင်း လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။
(က-ပ)

ယာဉ်စည်းကမ်းအသိပညာပေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၅

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှဦးစီး၍ နေပြည်တော်ဧရိယာအတွင်း ယာဉ်တိုက်မှု လျော့နည်းရေး၊ ယာဉ်စည်းကမ်းလိုက်နာရေးတို့အတွက် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။
(အပေါ်ပုံ)

ဆွေးနွေး

ဆွေးနွေးပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးနေပြည်တော် ဦးစီးမှူး ဦးကျော်စိန် (လက်ထောက်ညွှန်ကြားရေးမှူး) က မော်တော်ယာဉ် ဥပဒေနှင့် ယာဉ်မှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင် မှတ်ပုံတင်ခြင်း၊ ယာဉ်တိုက်ခိုက်မှု လျော့နည်းရေးဆိုင်ရာ လိုက်နာမှုရှိရန်စသည့် အချက်များကို လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုရဲမှူးမျိုးညွန့်ဦးက ယာဉ်စည်းကမ်း ထိန်းသိမ်းရေး၊ စစ်ဆေး အရေးယူ ဆောင်ရွက်မှုများကို လည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးတင်စိုးက အငှားယာဉ် လုပ်ငန်း လိုင်စင်ထုတ်ပေးမှုနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်ဦးသိန်းဝင်းဆွေက ယာဉ်တိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲ တက်ရောက်သူများက မရှင်းလင်း၍ မေးမြန်းချက်များအား သက်ဆိုင်ရာတာဝန်ခံများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။
(သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် မတ် ၅

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ယောဂီအသစ်များ မတ် ၇ ရက်မှစ၍ စာရင်းပေးသွင်းနိုင်ပြီး ယောဂီဟောင်းများ မတ် ၁၅ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၀၁-၅၇၂၁၅၈ သို့ဖြစ်စေ စာရင်းပေးသွင်းနိုင်သည်။
(က-ပ)

မြိုင်ဆရာတော်တရားပွဲ

ရန်ကုန် မတ် ၅

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိကဗဟုဇနေဟိတဓရ)၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယနယ်လှည့်ဓမ္မကထိက)အရှင်သူမြတ်သည် မတ် ၅ ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ရှင်သာမဏေကျော် စာပြန်ပွဲ ဓမ္မသဘင်၌ ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားသည်။
(က-ပ)

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့ရေးစစ်ဆေး

မန္တလေး မတ် ၅

ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ကုန်စည်စီးဆင်းမှု လုံခြုံချောမွေ့စေရေးအတွက် ဦးအောင်သွင် တိုင်းဦးစီးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် ဦးခင်မောင်သိန်း တိုင်းဦးစီးမှူး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတို့ဦးဆောင်၍ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး (အဝေးပြေး)နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း) တို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် မန္တလေး-စစ်ကိုင်းလမ်းပေါ်၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်မော်တော်ယာဉ်ထိန်းသိမ်းရေး(အဝေးပြေး)စစ်ဆေးရေးစခန်းတွင် ဖေဖော်ဝါရီ၂၇ ရက်က ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များအား စစ်ဆေးသည်။**(အပေါ်ပုံ)**အဆိုပါအဖွဲ့သည် ယာဉ်မောင်းများ သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ၊မရှိ၊ယာဉ်နောက်လိုက်များ သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ၊မရှိ၊ ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းအောင် တင်ဆောင်မှုရှိ၊မရှိ၊ ကုန်ပစ္စည်းများ ထုပ်ပိုးလုံခြုံမှုရှိ၊မရှိ၊ ယာဉ်သက်တမ်းများ ကျော်လွန်ခြင်း ရှိ၊မရှိ၊ ပြေးဆွဲနေသည့် ယာဉ်များအန္တရာယ်ကင်းရှင်းစွာပြေးဆွဲမောင်းနှင်နိုင်မှုအခြေအနေရှိ၊မရှိ၊ လုပ်ငန်းလိုင်စင်များ ရှိ၊မရှိ၊ သတ်မှတ်ခရီးစဉ်ဖြင့် ပြေးဆွဲမှုရှိ၊ မရှိ တို့ကို စစ်ဆေးပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသည်များအား အန္တရာယ်ကင်းစွာ ပို့ဆောင်နိုင်ရေး၊ ကုန်ပစ္စည်းများအား လုံခြုံချောမွေ့စွာ သယ်ဆောင်နိုင်ရေးတို့အတွက် စစ်ဆေးပညာပေး ဆောင်ရွက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး(မန္တလေး)မှ အန္တရာယ်ကင်းရှင်းစွာသွားလာမောင်းနှင်နိုင်ရေးအတွက် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်းသတင်းရရှိသည်။
(၉၆၉)

စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် မတ် ၅

စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၄ ခုနှစ် စာပေဗိမာန်စာမူဆု လူငယ်စာပေ(ပထမဆုရ)နန္ဒာခင်(သက္ကလမြေ)၏ **"အလင်းတံခါးဖွင့်၍ ကြိုမည်နှင့် အခြားဝတ္ထုတိုများ"** စာအုပ်ကို စာအုပ်အသင်း၏ ၃၅ အုပ်မြောက် စာအုပ်အဖြစ် ရန်ကုန်နှင့်နယ် အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး နယ်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်းသတင်း ရရှိသည်။
(သတင်းစဉ်)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၄ ရက်ကကျင်းပရာ ကျောင်းဆောင်သစ်အား ဗိုလ်မှူးဇော်ငြိမ်းချမ်း(ငြိမ်း)က မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်စဉ်။(က-ပ)

Wildlife Management ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းဖွင့်လှစ်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၅

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောတက္ကသိုလ်နှင့် Wildlife Conservation Society တို့ပူးပေါင်း၍ Wildlife Managementဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းဖွင့်လှစ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် Wildlife Conservation Society မှ ဂုဏ်ထူးဆောင်ဒါရိုက်တာ ကျားပညာရှင် Dr.Alan Rabinotwitz တို့က အမှာစကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် WCS, BANCA၊ မြန်မာနိုင်ငံငှက်ဝါသနာရှင်များအသင်းတို့မှ ပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မတ် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲရလဒ်များအရ Wildlife Management ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာသင်တန်းကို နေပြည်တော်ရှိ သစ်တောတက္ကသိုလ်၌ နိုင်ငံခြားသားပညာရှင်များဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်တင်လှူပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်တင်လှူပွဲကို မတ် ၂၁ ရက် (တပေါင်းလပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရွှေသင်္ကန်းကပ်လှူရန်နှင့် စိန်ဖူးတော်တင်လှူပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၅၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၈၂ နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၈၀၊ မော်လမြိုင်အသင်း (ရန်ကုန်) ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယံ ဖုန်း-၀၁-၂၅၆၁၅၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

⇨ ကျောဖုံးမှ

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၏ ၂၀၀၇ ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို သုံးသပ်ဆွေးနွေးခြင်းနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ ခြုံငုံသုံးသပ် ဆွေးနွေးခြင်းများကို နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်လိန်းမောင်းပန်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၀၇ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေး တို့အတွက် ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေးတင်ပြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် နှစ်ပတ်လည် အစည်းအဝေးက ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် ဆုံးဖြတ်ချက်များ အတည်ပြုခြင်းကို မွန်းလွဲ ၁၂နာရီခွဲတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး အဖွဲ့ဝင် ဒေါ်ခင်မိုးဥက ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ၂၀၀၈ က ချမှတ်သည့် ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ဆုံးဖြတ်ချက် (၄)ရပ်တို့ကို နှစ်ပတ်လည်အစည်းအဝေးက အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆွေးနွေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည့်အတွက် မိမိတို့အသင်းကြီးအနေဖြင့် မကြာမီ ကျင်းပတော့မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုမည့် ဆန္ဒခံယူပွဲတွင် အင်တိုက်အားတိုက် ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ပြောကြား၍ မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သိရှိရသည်။(သတင်းစဉ်)

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး (၂၀၀၈)က ချမှတ်သည့် ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ဆုံးဖြတ်ချက်(၄)ရပ်တို့ကို နှစ်ပတ်လည်အစည်းအဝေးက အတည်ပြုကြောင်း ကြေညာစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုကို ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရီရီအောင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ အဖွဲ့များ၏ (၂၀၀၇)ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ အဖွဲ့များ၏ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ကွန်ပျူတာနည်းပညာများနှင့် စပ်လျဉ်းသည့် သိကောင်းစရာတို့ကို ခင်းကျင်းပြသမည်

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အိုင်စီတီပြပွဲကို မတ် ၆ ရက်မှ ၈ ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ပြပွဲတွင် ရန်ကုန်နှင့် မော်လမြိုင်မြို့ရှိ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများ၊ ကွန်ပျူတာ နည်းပညာသင်တန်းများနှင့် စပ်လျဉ်းသည့် သိကောင်းစရာတို့ကို ခင်းကျင်းပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ ထို့ပြင် မွန်ပြည်နယ် ကွန်ပျူတာပညာရှင်အသင်းနှင့် မွန်ပြည်နယ် ကွန်ပျူတာ လုပ်ငန်းရှင်အသင်းများကိုပါ ဖွဲ့စည်းမည်ဖြစ်ပြီး အများပြည်သူသုံး သတင်းအချက်အလက်ဌာန (Public Access Center) ကို မော်လမြိုင်မြို့၌ ပထမဦးဆုံး စတင်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နွေရာသီ ဂေါက်သီးရိုက် သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၅

နွေရာသီဂေါက်သီးရိုက်သင်တန်းကို မတ် ၈ ရက်တွင် မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း (၉)မိုင် ကျောက်ရေတွင်းလမ်းရှိ HAN GOLF ACADEMY ဂေါက်သီးရိုက်သင်တန်းကျောင်း၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါနွေရာသီဂေါက်သီးရိုက်သင်တန်းတွင် တက်သစ်စ (BEGINNER COURSE) နှင့် INTERMEDIATE သင်တန်းများကို ဝါရင့်ဂေါက်သီးရိုက် အားကစား နည်းပြဆရာများက လက်တွေ့သင်ကြားပို့ချမည်ဖြစ်ရာသင်တန်းသို့ တက်ရောက်လိုသော ဂေါက်သီးရိုက် အားကစားမောင်မယ်များသည် ဦးနွေကိုကို ဖုန်း- ၆၅၁၇၉၇ နှင့် ၀၉ - ၅၁၅၂၅၄၈ တို့သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ချန်ပီယံလိဂ် ဒုတိယအကျော့ယှဉ်ပြိုင် မန်ယူနှင့် အာဆင်နယ် ကွာတားတက်

မန်ချက်စတာ မတ် ၅

၂၀၀၇-၂၀၀၈ ဥရောပ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ဒုတိယအကျော့ ဘောလုံးပွဲစဉ်များကို သက်ဆိုင်ရာနိုင်ငံ ကွင်းအသီးသီး၌ ယနေ့ စတင်ကျင်းပသည်။

မန်ယူနှင့်လီယွန်

အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ကျင်းပသည့် အိမ်ရှင် မန်ချက်စတာယူနိုက်တက်အသင်း နှင့် ပြင်သစ်မှ လီယွန်အသင်းတို့ပွဲတွင် ပထမပိုင်း ၄၁မိနစ်တွင် စီရော်နယ်ဒို သွင်းယူသော တစ်လုံးတည်းသောဂိုးဖြင့် မန်ယူအနိုင်ရကာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်သွားသည်။ ပထမအကျော့ပွဲတွင် တစ်ဂိုးစီသရေကျခဲ့ရာ နှစ်ပွဲပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် မန်ယူက အနိုင်ရသွားသည်။

အာဆင်နယ်နှင့်အေစီမီလန်

အင်္ဂလန်မှ အာဆင်နယ်နှင့် အီတလီမှ လက်ရှိချန်ပီယံလိဂ် ချန်ပီယံ အေစီမီလန်တို့ အီတလီနိုင်ငံ စန်စီရိုတွင် ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ပထမအကျော့၌ ဂိုးမရှိသရေကျခဲ့ရာ အာဆင်နယ်က နှစ်ပွဲပေါင်းရလဒ် ၂း၀ဖြင့် အနိုင်ရကာ ကွာတားဖိုင်နယ်တက်သွားသည်။ အာဆင်နယ်အတွက် ဖာဘရီဂက်က ၈၄မိနစ်နှင့် အဒီဘာယော်က ၉၃ မိနစ်၌ဂိုးသွင်းခဲ့သည်။

ဘာစီလိုနာနှင့်ဆဲလ်တစ်

စပိန်နိုင်ငံ ဘာစီလိုနာတွင်ပြုလုပ်သည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲ၌ ဘာစီလိုနာက ဆဲလ်တစ်ကို အနိုင်ရကာ နှစ်ပွဲပေါင်း ၄-၂ဖြင့် ကွာတားဖိုင်နယ် တက်သွားသည်။

ဖီနာဘာချီနှင့်ဆီဗီလာ

စပိန်တွင်ကျင်းပသည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲ၌ ဖီနာဘာချီက အိမ်ရှင် ဆီဗီလာကို ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းကာ အနိုင်ရပြီး ကွာတားဖိုင်နယ်တက်သွားသည်။ ပထမအကျော့တွင် ဖီနာဘာချီက ဆီဗီလာကို ၃း၂ဖြင့် အနိုင်ရပြီး ယခု ဒုတိယအကျော့၌ ဆီဗီလာက ၃း၂ဖြင့်အနိုင်ရ၍ နှစ်ပွဲပေါင်းရလဒ် ၅း၅စီဖြင့် သရေကျနေ၍ အချိန်ပို ပယ်နယ်တီထိ ကစားခဲ့ရသည်။ ပယ်နယ်တီတွင် ဖီနာဘာချီက ၃း၂ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

၂၅၉၆နှစ်မြောက် ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

၂၅၉၆နှစ်မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းပွဲတော်အကြို ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၉ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက် နံနက် ၉နာရီတွင်လည်းကောင်း ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားအပြီးတွင် (တပေါင်းလပြည့်နေ့)မတ် ၂၁ရက် နံနက် ၉နာရီအထိ သံဃာတော်အပါး ၁၂၀တို့က ၁၀ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ မတ် ၂၀ရက် ညနေ၅နာရီတွင် စေတီတော်ရင်ပြင်တော်ပေါ်၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် သံဃာတော် ၈၁ပါးနှင့် သီလရှင် ၂၇ပါးတို့အား ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပမည်ဖြစ်ပြီး (တပေါင်းလပြည့်နေ့) မတ် ၂၁ရက် နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီး စုပေါင်းဆက်ကပ်လှူဒါန်း၍ ယင်းနေ့နံနက် ၉နာရီခွဲတွင် လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဓမ္မသုခ ပရိယတ္တိစာသင်တိုက် ဓမ္မဘဏ္ဍာဂါရိက သုံးထပ်ကျောင်းအတွက် လှူဒါန်းနိုင်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက် ဓမ္မသုခပရိယတ္တိစာသင်တိုက်အတွင်း ဓမ္မဘဏ္ဍာဂါရိက သုံးထပ်ကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် ပထမအကြိမ် အလှူတော်မင်္ဂလာလှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၉ခု တပေါင်းလဆန်း ၃ ရက်၊ (မတ် ၉ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ သာသနာပြုကျောင်းအလှူရှင်များ ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ပဓာနနာယက ဆရာတော်နှင့် သာသနရက္ခိတအဖွဲ့ ဖုန်း-၀၁-၅၄၅၈၃၁၊ ဦးစံထွန်းအောင် ဖုန်း-၀၉၅၁ ၆၃၃၇၅သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၀၈ (ကြာသပတေးနေ့)

၁၃၆၉ ခုနှစ်၊ တပို့တွဲလကွယ်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၆။ အကပဒေသာ
- ၈:၂၀ ၇။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use
- ၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၃ခုနှစ်)
- ၅:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၀ ၇။ အတီးပြိုင်ပွဲ
- ၅:၂၅ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၅:၅၀ ၁၀။ ရှုဖွယ်စုံညီမြန်မာပြည် (အပိုင်း-၃)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ **"သူနဲ့ပဲ နေတော့မယ်" (ငှက်ပျောကြော်၊ ကြူကြူသင်း) (ဒါရိုက်တာ-ရွှေဦး MRTV)**
- ၆:၄၅ ၁၄။ မိတ္ထီလာ ဝါကြိတ်စက်ရုံနှင့် ဂွမ်းမွေးနှင့်ချည်အရည်အသွေး စမ်းသပ်ခြင်း
- ၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁၃)**
- ၇:၄၅ ၁၆။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာစဉ်တိုက်လှုပ်ရှားမှု "မိုးယံမှကြယ်အမှတ်စဉ်(၂)" (နာဂဒေသနှင့်ဝေယံ-လေရှီးဒေသသို့ စည်းရုံးရေးနှင့်ခရီးကြမ်းလမ်းလျှောက်ခရီးစဉ်) (အပိုင်း-၂)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း-၅)**
- ၂၁။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ကမ္ဘာတစ်လွှားထူးထူးခြားခြားဖြစ်ရပ်များ

ခေါင်းနှင့်မျက်နှာ၌ အပ်အများဆုံးစိုက်သူ

ဦးခေါင်းနှင့် မျက်နှာတွင် တရုတ်အပ်စိုက်ပညာ၌ အသုံးပြုသည့် အပ်အရေအတွက် အများဆုံးစိုက်ကာ စံချိန်သစ်တင်လိုက်သူတစ်ဦးပေါ်ထွက်ခဲ့သည်။

အဆိုပါ အပ်ချောင်းရေ အများဆုံးစိုက်ကာ ကမ္ဘာ့မှတ်တမ်းစာအုပ်၌ စံချိန်တင်ခဲ့သူမှာ တရုတ်နိုင်ငံ ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့မှ မျက်နှာပြုပြင်သူ ဆရာဝန် ဝေရှန်ချူးဆိုသူဖြစ်သည်။ ဝေရှန်ချူးသည် ၎င်း၏ဦးခေါင်းနှင့် မျက်နှာ၌ အပ်ချောင်းရေ ၁၇၉၀ကို ၂၀၀၄ ခုနှစ် မတ်လ ၂၃ ရက်က စိုက်ကာ စံချိန်တင်ခဲ့သည်။ **(ဝဲပုံ)**

စိန်ပွင့်အများဆုံးလက်စွပ်

ကမ္ဘာပေါ်တွင် စိန်ပွင့်ရေ အများဆုံး စီခြယ်ထားသည့် လက်စွပ်တစ်ကွင်းကို ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့သား ရတနာကုန်သည် လိုဘော်တက်စ်နှင့် ကာပိုဗာဆိုသူနှစ်ဦးက ၂၀၀၆ ခုနှစ်တွင် ထုတ်ဖော်ပြသကာ ကမ္ဘာ့မှတ်တမ်းတင်ခဲ့သည်။ အဆိုပါ စိန်လက်စွပ်တွင် စိန်ပွင့်ရေ ၈၃၇ ပွင့်ပါရှိပြီး အလေးချိန် ၅ ဒသမ ၅၇ ကာရက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

အမြန်ဆုံး စက်ရုပ်ဂျော်ကီ

အာရပ်ပင်လယ်ကွေ့ဒေသ၌ အစဉ်အလာအရ ကျင်းပလျက်ရှိသည့် ကုလားအုတ်စီးပြိုင်ပွဲအတွက် ကုလားအုတ်စီးသူ လူသားအစား စက်ရုပ်ကို အသုံးပြုယှဉ်ပြိုင်ရန်အတွက် ဆွစ်ဇာလန်နိုင်ငံမှ အဖွဲ့တစ်ဖွဲ့က ပုံစံဒီဇိုင်းထုတ်ကာ တီထွင်ထုတ်လုပ်ခဲ့သည်။

အဆိုပါ ကုလားအုတ်စီးပြိုင်ပွဲတွင် မူလက ကလေးငယ်များအား စီးနင်းယှဉ်ပြိုင်စေခဲ့ရာ အသက်အငယ်ဆုံး လေးနှစ်သားအထိ ပါဝင်ခဲ့ပြီး ယှဉ်ပြိုင်စဉ်အတွင်းကုလားအုတ်ပေါ်မှပြုတ်ကျကာ ဒဏ်ရာအနာတရ ရရှိခဲ့သဖြင့် ၂၀၀၇ခု နှစ်ကုန်ပိုင်း၌ က လေးငယ်များအစား စက်ရုပ်လူသားများကို အစားထိုး အသုံးပြုခဲ့သည်။ ကုလားအုတ်ကို စီးနင်းရာတွင် စက်ရုပ်ပါ တုတ်တံဖြင့် ကုလားအုတ်ကို ထိန်းကျောင်းစေခဲ့သည်။ **(ယာပုံ)** စက်ရုပ်စီးနင်းယှဉ်ပြိုင်မှုအရ အမြန်ဆုံးစံချိန်မှာ တစ်နာရီလျှင် ၂၅ မိုင်ဖြစ်သည်။

တောင်ယာစပါးဒေသမျိုးပေးအပ်

မိုင်းဆတ် မတ် ၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၏ညွှန်ကြားချက်အရ မိုင်းခုတ်မြို့နယ် ရှုခင်းသာကျေးရွာ (၁)၊ (၂)နှင့် (၃)တို့တွင် စိုက်ပျိုးရန်တောင်ယာစပါးဒေသမျိုး ၅၅တင်း၊ ပြောင်းဖူး၊ ပန်းနှမ်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ဖေဖော်ဝါရီ ၁၇ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲမှူး စိန်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးတင်ညွှန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦးနှင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ကျေးရွာဥက္ကဋ္ဌ ဦးယာရဲအားလွှဲပြောင်းပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခြံစည်းရိုးများကာရံနေမှု၊ ရွာတွင်းလမ်းများ ဖောက်လုပ်နေမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲရေး၊ အိမ်မွေးတိရစ္ဆာန်များကို လွှတ်ကျောင်းခြင်းမပြုဘဲ ခြံလှောင်မွေးမြူကြရန် မှာကြားခဲ့သည်။ (ပြန်/ဆက်)

ဥပဒေအရာရှိ မွမ်းမံသင်တန်းအမှတ်စဉ် (၂၃)ဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၅

ရှေ့နေချုပ်ရုံးက ကြီးမှူးဖွင့်လှစ်သည့် ဥပဒေအရာရှိမွမ်းမံသင်တန်း အမှတ်စဉ် (၂၃)သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့နေချုပ်ဦးအေးမောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းတွင် ပထမဆုရ ပဲခူးတိုင်း၊မင်းလှမြို့နယ်ဥပဒေရုံးမှဒုတိယမြို့နယ်ဥပဒေအရာရှိဒေါ်သန္တာအောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်ဆွေဆွေစိုးနှင့် တတိယဆုရ ရန်ကုန်တိုင်း၊သာကေတမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်သန့်သန့်တို့အား ဂုဏ်ပြုချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် သန့်ရှင်းသာယာလှပစေရေးအတွက် မော်တော်ယာဉ်များပေါ်မှ အမှိုက်ပစ်ချခြင်း၊ ကွမ်းတံတွေး ထွေးခြင်းများ မပြုလုပ်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် မတ် ၅

ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဗိုလ်မှူးချုပ် ဘိုကြည် (ငြိမ်း)၊ ဒုတိယဗိုလ်မှူးကြီးမျိုးဆွေ(ငြိမ်း)၊ ဦးမောင်ကို (ပဆင)တို့နှင့်အတူ မြစ်ကြီးနားမြို့ Northern Star ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ဂေါက်သီးရိုက်ကစားကြစဉ် Reygrande ဘောလုံးကို Apaeehe သံတုတ်နံပါတ်(၆)ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ်(၆) (Par3)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်မြစ်ကူး(ရွှေပြည်သာ)တံတားအဝင် ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် မတ် ၅

လှိုင်မြစ်ကူး(ရွှေပြည်သာ)တံတားအဝင် ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄) နှင့် (၅)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို မတ် ၃ရက်မှစ၍ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားသို့လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့် (၄)အကြားသို့လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၃၄၅ပေဖြစ်ပြီး ရေလယ်ကင်းလွတ်အမြင့်မှာ ၃၆ပေရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များတစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင်လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စိမ်းလဲ့ကန်သာလမ်း၌ လူငါးဦး သေနတ်ဒဏ်ရာများဖြင့်သေဆုံး အဖြစ်မှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာသို့ လာရောက်သတင်းပေးပို့နိုင်

နေပြည်တော် မတ် ၅

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၉)ရပ်ကွက် စိမ်းလဲ့ကန်သာလမ်း ခြံအမှတ် (၁၂၆)၌ မတ် ၃ ရက် ညနေပိုင်းက သေနတ်ဒဏ်ရာများဖြင့် လူငါးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများသည် ည ၇နာရီခန့်တွင် အဆိုပါနေအိမ်သို့ရောက်ရှိပြီး စစ်ဆေးရာ နေအိမ်အပေါ်ထပ်လှေကားထိပ်၊ အိပ်ခန်းခုတင်ပေါ်နှင့် ခုတင်ဘေးဝဲ/ယာတို့၌ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦးတို့အား တွေ့ရှိခဲ့ရကြောင်း၊ ၎င်းတို့မှာ ဦးချာလီ (ခ)ဦးစောကြည်ဖ (၆၀)နှစ် (ဘ) ဦးခွန်ပန်းစိန်ဆိုသူမှာ ယာလက်ကောက်ဝတ်ကျည်ဆန်ထုတ်ချင်းပေါက်၊ ဝဲချိုစောင်းနှင့် ယာမျက်လုံးအောက်ဖောက်ဝင်ဒဏ်ရာရရှိ၊ ဒေါ်စန်းစန်းမြင့် (၅၈)နှစ် (ဘ)ဦးမြမောင် ဆိုသူမှာ ဝဲဘက်နားနောက်နှင့် ဝဲမျက်ခုံးအောက်ကျည်ဆန်ဝင်ထွက်ဒဏ်ရာ၊ ယာနားထင်ရှေ့သေနတ်ဒဏ်ရာရရှိ၊ မမြစန္ဒာ (၃၆)နှစ် (ဘ) ဦးစောကြည်ဖဆိုသူမှာ ယာနားထင်နှင့် ဝဲဘက်ပါး ကျည်ဝင်ထွက်ဒဏ်ရာ၊ ယာလက်ကောက်ဝတ် ကျည်ဖောက်ဝင်ဒဏ်ရာရရှိ၊ မနှင်းပွင့်အေး (၂၇)နှစ် (ဘ) ဦးစောကြည်ဖ ဆိုသူမှာ ယာနားထင်နှင့်ယာမျက်ခုံးထောင့် ကျည်ဝင်ထွက်ဒဏ်ရာရရှိ၊ မအယ်ဖော (၁၅)နှစ်ဆိုသူမှာ ဝဲဘက်နားထင် ဖောက်ဝင်ဒဏ်ရာရရှိတို့ဖြစ်ကြကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတာဝန်ရှိသူများက အဖြစ်မှန်ပေါ်ပေါက်ရေးနှင့် တရားခံဖမ်းဆီးရမိရေးတို့အတွက် စုံစမ်းဖော်ထုတ်လျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းပေးနိုင်သူရှိပါက သက်ဆိုင်ရာသို့ လာရောက်သတင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးအလွတ်တန်း ဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက ပို့ဆောင်ရေးကို အနိုင်ရပြီး သုံးကြိမ်ဆက်ဗိုလ်စွဲ

ရန်ကုန် မတ် ၅

သတ္တမအကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မတ် ၁ရက် ညနေ ၃နာရီခွဲက အောင်ဆန်းကစားပြိုင်ကွင်း၌ ကျင်းပရာ မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ ပြည်ထဲရေးအသင်းက ငါးဂိုး–သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြည်ထဲရေး ခြောက်ဂိုး။
(စန်းစန်းသိန်း–နှစ်ဂိုး၊ နွယ်နွယ်တိုး၊ စန်းစန်းမော်၊ ခင်မိုးဝေနှင့် စုစုဝေ–တစ်ဂိုးစီ)

ပို့ဆောင်ရေး လေးဂိုး။
(ဇင်မာဝမ်း၊ အေးနန္ဒာလှိုင်၊ သက်သက်ဝင်းနှင့် မြင့်မြင့်အေး–တစ်ဂိုးစီ)

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ပထမဆုရပြည်ထဲရေး အသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။ (ကြေးမုံ)

မြန်မာ့လက်ရွေးစင် ကစားသမား အများစုပါဝင်သော အသင်းနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာအကြိတ်အနယ်ဖြစ်ခဲ့ပြီး ပယ်နယ်တီဖြင့် ဆုံးဖြတ်ရသည်အထိဖြစ်ခဲ့သည်။ ပွဲအစရှစ်မိနစ်တွင် ဇင်မာဝမ်းက ပို့ဆောင်ရေးအတွက် ဦးဆောင်ဂိုး စတင်သွင်းယူနိုင်သော်လည်း ၂၄ မိနစ်တွင် စန်းစန်းသိန်းက ပြည်ထဲရေးအတွက် ချေပဂိုးပြန်လည်သွင်းယူသည်။ ထို့နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ အချိန်ပို၊ ပယ်နယ်တီ ကစားခဲ့ရသည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးမှူး ဦးတင်အောင် (ဂိုး)က တတိယဆုရ အား/ကာ သိပ္ပံ(မန္တလေး) အသင်းအား ဆုတံဆိပ်နှင့် ကျပ်သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ဒုတိယဆုရပို့ဆောင်ရေးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း၊ ဆုကြေးကျပ်ခြောက်သိန်းကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ပြည်ထဲရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်၁၀သိန်း၊ တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ယခုပြိုင်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလမှစ၍ပထမအကျော့၊ဒုတိယအကျော့ အမှတ်ပေးပြိုင်ပွဲ ပုံစံဖြင့် ကျင်းပခဲ့ပြီး အမှတ်အများဆုံး နှစ်သင်း ဗိုလ်လုပွဲကစားရခြင်းဖြစ်သည်။ (ကြေးမုံ)

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် HORIZON Int'l Education Center တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇–၂၀၀၈ ရာသီ HORIZON League ဘတ်စကက်ဘောပြိုင်ပွဲကို မတ် ၂ ရက် မွန်းလွဲပိုင်းက ကျိုက္ကဆံမိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် K.K.S အသင်းက Last Vampire အသင်းကို ၉၅–၂၉ မှတ်၊ Cow Boy အသင်းက Fillipino အသင်းကို ၈၇–၃၂ မှတ်၊ Blue Boy အသင်းက WHO အသင်းကို ၁၀၁–၃၅ မှတ်၊ CCY အသင်းက GB အသင်းကို ၈၇–၈၂မှတ်တို့ဖြင့် အနိုင်ရရှိသွားသည်။ ယင်းပွဲစဉ်အပြီးတွင် အမျိုးသားပြိုင်ပွဲတွင် K.K.S အသင်းက ခြောက်ပွဲကစား ခြောက်ပွဲနိုင်ဖြင့် ဦးဆောင်နေပြီး Cow Boy အသင်းက ဒုတိယနေရာတွင်လည်းကောင်း၊ Red Star အသင်းက တတိယနေရာတွင်လည်းကောင်း ရပ်တည်နေကြသည်။

ပြိုင်ပွဲများကို မတ် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမျိုးသားပွဲစဉ် သုံးပွဲပါဝင် မည်ဖြစ်သည်။ (ကြေးမုံ)

အခြေခံပညာ ကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၅

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ၂၀၀၈ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ ဖွင့်ပွဲကို မတ် ၁ရက် နံနက် ၈နာရီက ဗဟန်းမြို့နယ် ခရစ်ကက်လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် အမှုဆောင်များနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် အမျိုးသမီးကိုယ်စားလှယ်ဆရာမကြီးဒေါ်ခင်အုန်းမြင့်၊ ပြိုင်ပွဲဝင်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အဖွင့်အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ပြိုင်ပွဲဝင်အသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ (ခရစ်ကက်အဖွဲ့ချုပ်)

Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၅

Apple Cosmetic Production Co.,Ltd ၏ တတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲနှင့် Topsyne Medicated Cream ၏ ဆဋ္ဌမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို မတ် ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်မြေပဒေသာကျွန်းရှိDolphin Restaurant၌ ကျင်းပရာ Apple Cosmetic Production Co.,Ltd ဒါရိုက်တာ ဦးခင်ညွန့်က Appleအလှကုန်ပစ္စည်း အမယ်သစ်အဖြစ် မြန်မာအမျိုးသမီးများ ထူးခြားသော နှုတ်ခမ်းအလှပိုင်ရှင်များ ဖြစ်စေရန် ၂၀၀၈ ခုနှစ်အတွက် အထူးထုတ် Appleရောင်စုံနှုတ်ခမ်းနီများ၏ လျှို့ဝှက်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန်နေဂျင်းဒါရိုက်တာ ဒေါ်လီလီက Appleအလှကုန်ပစ္စည်းများကို တိုတောင်းသော အချိန်အတွင်း လက်လီလက်ကား ဖြန့်ချိရောင်းချပေးခဲ့ကြသည့် အရောင်းကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အထက်ပိုင်းမှ ကိုယ်စားလှယ်များအား ကျေးဇူးတင်စကားနှင့် Apple အလှကုန်ပစ္စည်းများကို အစဉ်မပြတ် ဖြန့်ချိပေးသည့် အရောင်းဆိုင်များအား ပြည်ပလေ့လာရေးခရီးစဉ်အဖြစ် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံများသို့ စရိတ်ငြိမ်းပို့ဆောင်ပေးမည့် အစီအစဉ်တို့ကို ပြောကြားသည်။

ယင်းနောက် ရုပ်ရှင်အနုပညာရှင်များနှင့်စာနယ်ဇင်းများမှ တာဝန်ရှိသူတို့က Apple အလှကုန်ပစ္စည်း လက်လီလက်ကား အရောင်းဆိုင်များ၊ ရောင်းအား အကောင်းဆုံးဆိုင်များနှင့် နှစ်ခြိုက်စွာ ဝယ်ယူအားပေး သုံးစွဲကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ကံစမ်းမဲများကို ဖွင့်လှစ်ပေးကြသည်။

Apple Cosmetic Production Co.,Ltdမှ Apple Hair Coat Ginseng, Apple Medicated Cream, Apple မျက်နှာပေါင်းတင်ဆေးနှင့် တင်းတိပ်ပျောက်ဆေး၊ Topsyne Medicated Cream, Golden Ficial Cleanser(ရွှေမျက်နှာသစ်)၊ 7 Day အဆီချလိမ်းဆေး၊ Topsyne ခရင်ပတ်၊ မိတ်ကပ်နှင့် မိတ်ကပ်ရည်တို့ကို ထုတ်လုပ်လျက်ရှိပြီး လက်လီလက်ကားရောင်းဝယ်လိုပါက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် သံသုမာလမ်း အမှတ်–၅၉၂ ဘီ ဖုန်း–၉၅၁–၅၇၀၁၁၂၊ ၅၆၆၉၂၅ နှင့် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း၊ ၃၃ x ၃၂ ကြား အမှတ် -C-1-1 ဖုန်း–၀၂–၈၉၆၀၉၊ ၈၉၆၂၇ တို့သို့ ဆက်သွယ်နိုင်ပြီး ဆုရရှိကြသူ များ၏ စာရင်းကို ထပ်မံကြေညာမည် ဖြစ်သည်။ (သတင်းစဉ်)

Apple Cosmetic နှင့် Topsyne Medicated Cream ကံစမ်းမဲ ဖွင့်ပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဒေါ်လီလီ ရောင်းအား အကောင်းဆုံး ဆိုင်များအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၅

ဦးမျိုးဝင်းသည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး ကျော်မင်း၊ ဦးအောင်စွာ၊ ဦးခင်မောင်ဝင်း (ရွှေနွားချည်စက်)တို့နှင့်အတူ မုံရွာဂေါက်ကလပ် ကွင်းနံပါတ် (၁) ၌ မတ် ၁ရက်က ဂေါက်သီးရိုက်ကစားကြစဉ် SRIXON NO.4 ဘောလုံးကိုဟော်မာသစ်သားတုတ်နံပါတ်(၇)ဖြင့် ရိုက်လိုက်ရာ ကျင်းအမှတ် (၁၄) (ကျင်းတို)သို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ (က–ပ)

အသင်းလိုက်ပြိုင်ပွဲနှင့် အသက်(၁၂)နှစ်၊ (၁၄)နှစ်နှင့် (၁၆)နှစ်အောက် လူငယ် တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P Co.,Ltd ၏ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် အသင်းလိုက်ပြိုင်ပွဲ၊ အသက် (၁၂)နှစ်အောက်၊ (၁၄)နှစ်အောက်နှင့် (၁၆)နှစ်အောက်ပြိုင်ပွဲ တို့ကို မတ် ၂၂ရက်မှ ၂၇ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းနှစ်ပွဲ၊ နှစ်ယောက်တွဲ တစ်ပွဲ ကစားခွင့်ပြုမည်။ အသင်း တစ်သင်းလျှင် အားကစားသမား အနည်းဆုံးလေးဦးနှင့် အများဆုံး ငါးဦး ပါဝင်ယှဉ်ပြိုင်ရန်၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ နှစ်ယောက်တွဲ သုံးပွဲကစားခွင့်ပြုမည်။ အသင်းတစ်သင်းလျှင် အားကစားသမား အနည်းဆုံး ခြောက်ဦး အများဆုံးခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသက်(၁၂)နှစ်၊ (၁၄)နှစ်နှင့် (၁၆)နှစ်အောက် လူငယ်ကျား၊ မ တင်းနစ်ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲ စည်းကမ်းများမှာ(က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာ ပါဝင်ရန်၊ (ခ)အဆင့် အသင်းလိုက် ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် တစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ အသက်(၅၀)နှစ်အထက် လက်ရွေးစင်ဟောင်းများ တစ်ဦးနှင့် အသက်(၆၀)နှင့်အထက် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိပါဝင်ခွင့်ရှိသည်။

ပြိုင်ပွဲသို့ နယ်မှလာရောက်ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀ လူငယ်သက်တမ်းအလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့်နေထိုင်ရေးတို့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀ သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ပြီး မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင်ပွဲစဉ်များ ရေးဆွဲမည့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နည်းပညာသစ်ဖြင့် ထုတ်လုပ်ထားသော Engineered Floor များ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-အောင်အောင်

သစ်တောပြုန်းတီးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကာကွယ်နိုင်ပြီး အဖိုးတန်သစ်များ ချွေတာသုံးစွဲရာ ရောက်သည့်အပြင် ကုန်ကျစရိတ် ထက်ဝက်နီးပါးသက်သာသော Engineered Floor ကို သုံးစွဲသင့်ကြောင်း မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၈တွင် ပါဝင်ခင်းကျင်း ပြသလျက်ရှိသည့် Mogok Prideကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဦးအောင်မျိုးက ရှင်းပြသည်။

Engineered Floor အကြောင်းသိလို၍ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန်၊ လှေသင်းအတွင်းဝန် ဦးခြိမ့်လမ်း၊ အမှတ်(၂၄/A)ရှိ (Mogok Pride Trading Co,Ltd) သို့ သွားရောက်လေ့လာခဲ့သည်။

သစ်ပါးလွှာထုတ်လုပ်ရန်အတွက် သစ်လုံးကို အလေအလွင့်မရှိစေရအောင် စနစ်တကျ တိုင်းထွာဖြတ်တောက်စဉ်။

Engineered Floor ဆိုတာ Hard Wood အပိုင်းအစများ၊ Ply Wood များ၊ High Density Fiberboard များကို အောက်ခံအဖြစ် အသုံးပြုထားပြီး အပေါ်ဆုံးအလွှာမှာသာ Hard Wood Layer ဖြင့် ကော်ကို အသုံးပြု၍ Press နင်းထားသော ကြမ်းခင်းပစ္စည်းဖြစ်ကြောင်း၊ ကျုံ့ခြင်း၊ ကြွခြင်း၊ အပူခံခြင်း၊ စိုထိုင်းမှုခံခြင်းတို့အတွက် အထူးဒီဇိုင်းထုတ်လုပ်ထားသော ကြမ်းခင်းပစ္စည်းဖြစ်လို့ Engineered Floor ဟုခေါ်ခြင်းဖြစ်ကြောင်း စက်ရုံမန်နေဂျာ ဦးခင်မောင်ဝင်းက ရှင်းပြသည်။

ယနေ့ခေတ်တွင် ကြမ်းခင်းအဖြစ် အသုံးပြုနိုင်သည့်ပစ္စည်းအဖြစ် Solid Flooring,Laminate နှင့် Engineered Floor ဟူ၍ အဓိကအားဖြင့် သုံးမျိုးရှိသည်ဟု ဆိုနိုင်သည်။

Solid Flooring မှာ သက်တမ်းရှည် ရှေးဟောင်းကြမ်းခင်းပစ္စည်းဖြစ်သည်။ ယနေ့တိုင် အသုံးပြုကြဆဲဖြစ်သည်။ Tongue and Groove ခေါ် လျှာထိုးသစ်များ၊ Parquet များ၊ Lum Parquet များ၊ Finger Joint များကို ခေါ်ဆိုခြင်းဖြစ်သည်။ အကြိမ်ကြိမ် Resanding, Repolishin ပြုလုပ်နိုင်သည်။

Solid Flooring ကို အဖိုးတန်သစ်ဖြင့် ပြုလုပ်ကြသည်။ အပေါ်ယံမျက်နှာပြင်အလှနှင့် သဘာဝကိုသာ ရှုမြင်ခံစားကြသော်လည်း ကြမ်းခင်းပစ္စည်းတစ်ခုလုံးကို သစ်တစ်မျိုးတည်းသာ အသုံးပြုထားသည်။ အဓိကအားနည်းချက်မှာ အဖိုးတန်သစ်ကို အောက်ခံထားသည့်အတွက် ငွေကုန်ကြေးကျ များသည်။ သစ်ဖြုန်းတီးရာရောက်သည်။ နောက်ဆက်တွဲအဖြစ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာစေနိုင်သည်။

Laminated Floor မှာ Hight Density Fiberboard ကို အခြေခံထား၍ ပြုလုပ်ထားသည်။ အပေါ်ဆုံးရှိ အလွန်ပါးလွှာသော Photographic Layer ကပ်ထားသည့် ကြမ်းခင်းပစ္စည်းဖြစ်သည်။

တပ်ဆင်ခြင်းပြုလုပ်နိုင်သလို ပြန်ဖြုတ်၍ ပြောင်းရွှေ့တပ်ဆင်ခြင်းလည်း ပြုလုပ်နိုင်သည်။ သို့သော် Resanding,Repolishing များ မပြုလုပ်နိုင်ချေ။

Engineered Floor မှာ အောက်ခံ(Base)ကို High Density Fiberboard များ၊ Hard အပိုင်းအစများ၊ Ply Wood များဖြင့် ပြုလုပ်ထားသည်။ အပေါ်ဆုံးအလွှာကို အနည်းဆုံး နှစ်မီလီမီတာမှ ခြောက်မီလီမီတာအထူရှိ Real Hard Wood များ အသုံးပြုထားသည်။ ရိုးရိုးကြမ်းခင်းထက် Hard Wood သုံးစွဲရမှု လေးပုံတစ်ပုံ သက်သာသည်။ အောက်ခံ(Base)ပြုလုပ်ခြင်း၊ Top Layer ပြုလုပ်ခြင်းနှင့် ကော်ကပ်ခြင်းတို့တွင် အင်ဂျင်နီယာနည်းပညာအသုံးပြုပြီး Stable ဖြစ်အောင် ပြုလုပ်ထားသည်။

Engineered Floor သည် သဘာဝအရည်အသွေး အလှအပများ မြင်တွေ့ခံစားရပြီး အပူအအေးဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်မှုတို့တွင် Solid Floor များ၊ Laminate Floor များထက် ပိုမိုခံနိုင်ရည်ရှိသည်။ ကုန်ကျစရိတ်အနေဖြင့် Laminate ထက် အနည်းငယ်ပိုသော်လည်း ရိုးရိုးကြမ်းခင်း (Solid)ထက် ထက်ဝက်ခန့်သက်သာသည်။ ကြမ်းခင်းပြီးသည့်အခါ ရိုးရိုးကြမ်းခင်းကဲ့သို့ပင် မြင်တွေ့ခံစားနိုင်သည်။

"သစ်များဟာရာသီဥတုပူခြင်း၊ အေးခြင်း၊ စိုထိုင်းခြင်း၊ ခြောက်သွေ့ခြင်းတို့အပေါ် မူတည်ပြီး ပုံသဏ္ဌာန်ပြောင်းလဲခြင်း(Shrinkage and Swelling)ဖြစ်ပေါ်တတ်ကြပါတယ်။ ရိုးရိုးကြမ်းခင်း(Solid)များဟာ ဘယ်လိုပင် ပေါင်းခံ၊ အခြောက်ခံထားစေကာမူ ရာသီဥတုကြောင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းဖြစ်ပေါ်တတ်တယ်။ Laminate များနှင့် Engineered Floor များဟာ ပုံသဏ္ဌာန်ပြောင်းလဲခြင်းမဖြစ်ဘဲတည်ငြိမ်မှု (Stability)ရှိပါတယ်။ Laminateများမှာ တည်ငြိမ်သော်လည်း Engineered Floor ကဲ့သို့ သဘာဝအရသာကို မရရှိနိုင်ပါဘူး"ဟု မန်နေဂျာ ဦးခင်မောင်ဝင်းက ရှင်းပြသည်။

Engineered Floor များသည် ကြမ်းခင်းပြီးသည့်အခါ သဘာဝရိုးရိုးကြမ်းခင်း(Solid Hard Wood) များအတိုင်း မြင်တွေ့နိုင်သည်။ အပေါ်ဆုံးအလွှာကို Hard Wood အစစ်များဖြင့် အသုံးပြုထားရာ Hard Wood ၏ အရည်အသွေးကို ရရှိစေသည်။ ရိုးရိုးကြမ်းခင်းများထက် ရာသီဥတုဒဏ်ပိုမိုခံနိုင်သည်။ ကွန်ကရစ်ကြမ်းပြင်ပေါ်၌ တိုက်ရိုက်ကော်သုတ်၍ ခင်းနိုင်သည်။ Laminate များကဲ့သို့ အလွယ်တကူရွှေ့ပြောင်းသယ်ယူခင်းနိုင်ရုံမက တစ်နေရာတွင်အသုံးပြုပြီး နောက်တစ်နေရာတွင် ပြောင်းရွှေ့သယ်ယူအသုံးပြုနိုင်သည်။ အထပ်မြင့် အဆောက်အအုံများ၊ မြေအောက်ထပ် (Basement) များ မည်သည့်နေရာ၌မဆို အသုံးပြုနိုင်သည်။ အအေးဓာတ်ပေးထားသော ကြမ်းခင်းများနှင့် အနွေးဓာတ်ပေးထားသော ကြမ်းခင်းများတွင်လည်း အသုံးပြုနိုင်သည်။ Boron Treatment ပြုလုပ်ထားသည့်အတွက် အင်းဆက်ပိုးများ၊ ခြများ ဖျက်ဆီးခြင်းကိုလည်း ခံနိုင်ရည်ရှိကြောင်းသိရသည်။

ဒီ Engineered Floor တွေဟာ သစ်ကို ရိုးရိုးကြမ်းခင်းထက် လေးပုံတစ်ပုံပဲ သုံးရလို့ အဖိုးတန်သစ်တွေ ခြိုးခြံချွေတာရာရောက်ပါတယ်။ အဖိုးတန်သစ်တွေ ခြိုးခြံနိုင်ရင် ခြိုးခြံနိုင်သလောက် သစ်တောပြုန်းတီးမှု သက်သာပြီး သဘာဝပတ်ဝန်းကျင်ကိုလဲ ထိန်းသိမ်းရာရောက်ပါတယ်။ သုံးစွဲသူတွေအဖို့လဲ ကုန်ကျစရိတ် ထက်ဝက်သက်သာပြီး ရိုးရိုးကြမ်းခင်း (Solid Floor)အတိုင်း တွေ့မြင်ခံစားလို့ ပြည်တွင်းမှာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲသင့်တဲ့ ကြမ်းခင်းပစ္စည်းပါဟု မန်နေဂျာ ဦးခင်မောင်ဝင်းက ရှင်းပြသည်။

Engineered Floor မှာ အီတလီ နည်းပညာဖြစ်သည်။ Mogok Pride ထရေးဒင်း ကုမ္ပဏီလီမိတက်သည် နိုင်ငံတကာမှ နည်းပညာများ လွှဲပြောင်းရယူပြီး ပြည်တွင်းထွက် သစ်ကုန်ကြမ်းများကို အခြေခံကာ ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်၍ ပြည်တွင်း ဈေးကွက်ကိုသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့လျက်ရှိနေသည်များကို လေ့လာတင်ပြလိုက်ရပေသည်။ ။

Engineered Floor များ ထုတ်လုပ်ရန် သစ်ပါးလွှာများအား Air Dry အခြောက်ခံစဉ်။

ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ မြို့ရိုးဘုရားကုန်း မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၅

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် တော်ဝိစံပြကျေးရွာ မြို့ရိုးဘုရားကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၀၃)ရိပ်သာ၌ (၁၃၆၉ခုနှစ် တပေါင်းလဆန်း ၅ရက်မှ ၁၄ရက်အထိ) မတ် ၁၁ရက်မှ ၂၀ရက်အထိ ၁၀ ရက်တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ တောင်ငူမြို့ ဓမ္မရက္ခိတစွယ်တော်ကျောင်း ဆရာတော် ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဦးဝိလာသဂ္ဂက အလုပ်ပေးဝိပဿနာတရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

မြို့ရိုးဘုရားကုန်းတွင် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၀၃)မှ ဓမ္မာရုံဆောက်လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုပါက ဗိုလ်ကြီးလှဝင်း(ငြိမ်း) ဖုန်း-၇၂၆၂၆၄နှင့် ၀၉၅၀ ၃၃၇၄၄ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အေးမြချမ်းသာ မဟာသိမ်ဓမ္မာရုံကြီး အမိုးနှင့်ဘုရားကိုးဆူလှူနိုင်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၇ရပ်ကွက် ကျန်စစ်သားလမ်းမကြီး တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ မဟာသိမ်ဓမ္မာရုံကြီး သုံးထပ်၌ အမိုးအလှူရှင်များ လိုအပ်နေရာ သိမ်တိုင်တစ်လုံး ကျပ် တစ်သိန်း၊ စတီးသွပ်တစ်ချပ် ကျပ်တစ်သောင်း၊ တစ်ခန်း ကျပ် ၁၀သိန်း ဖြင့်လည်းကောင်း၊ ဗုဒ္ဓဆင်းတုကိုးဆူ တစ်ဆူလျှင် ကျပ် ၁၀သိန်းဖြင့်လည်းကောင်းလှူဒါန်းနိုင်သည်။ သုံးထပ်တွင် ဘုရားခန်းကိုးခန်း ဘုရားကိုးဆူနှင့် လေးထပ်တွင် ကိုးဆူဖြစ်ရာ အာဝေဏိကဂုဏ်တော် ၁၈ပါး ပူဇော်ကြည်ညိုသာသနာပြုနိုင်ရန် ဓမ္မကထိကဗဟုဇနဟိတရေ၊ မဟာကမ္မဋ္ဌာနာစရိယ အေးမြချမ်းသာ ဆရာတော် ဘဒ္ဒန္တသီရိဓမ္မ (ဘီအေ-ပါဠိ ဂုဏ်ထူး) ဖုန်း-၀၁-၅၈၅၀၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရားထီးတော်အသစ်တင်လှူပွဲ

ရန်ကုန် မတ် ၅

ပဲခူးမြို့နယ် အင်းတကော်စံပြကျေးရွာ(အတွင်းတောင်ကိုးလုံး) သဒ္ဓမ္မအလင်းရောင် ကျောင်းတိုက်ဝင်းအတွင်း၌ လွန်ခဲ့သော နှစ် ၄၀ခန့်က ဆရာကြီးဦးစံသိန်းနှင့် ခုနစ်ရက်သားသမီးများ တည်ထောင်ထားခဲ့သော ဆုတောင်းပြည့်အောင်စေတီတော်မြတ်ကြီးအား ထပ်မံ၍ ခုနစ်ရက်သား သမီးများကောင်းမှုဖြင့် စိန်ဖူးတော်၊ စတီးထီးတော်အသစ်တင်လှူပွဲ၊ စေတီရုံတို့အား ထီးတော်တင်လှူပွဲကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့)၊ ၂၁-၃-၂၀၀၈(သောကြာနေ့)တွင် စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်မည်ဖြစ်ရာ ဒါယကာ၊ ဒါယိကာမအပေါင်း ကြွရောက်ကြည်ညို ပူဇော်ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ကျန်းမာသန်ထွား ဉာဏ်မြင့်မား အိုင်အိုဒင်းဆား နေ့တိုင်းစား

လူတိုင်း ကျန်းမာကြံ့ခိုင်၍
ကလေးငယ်များ ဉာဏ်ရည်ထက်မြက်စေရန်
မိသားစုတိုင်း အသက်အရွယ်မရွေး၊ နေရာဒေသမရွေး
အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးဖို့ လိုပါသည်။

ပင်လယ်ထွက်အစားအစာများတွင် အိုင်အိုဒင်းပါဝင်သော်လည်း ခန္ဓာကိုယ်၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လောက်အောင် မများပြားပါ။ အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးမှသာ အိုင်အိုဒင်းကို လုံလောက်အောင် ရရှိနိုင်ပါသည်။

အိုင်အိုဒင်းချို့တဲ့ပါက

ကိုယ်ဝန်ဆောင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ ဆွံ့အနားမကြားသော ကလေး၊ ခြေလက်မသန်စွမ်းသောကလေး မွေးဖွားခြင်း၊ မွေးဖွားလာသောကလေး ဉာဏ်ရည်နိမ့်ခြင်းတို့ ဖြစ်တတ်သည်။

ကလေးများသည် ပညာသင်၍မရအောင်ဉာဏ်ရည်နိမ့်ခြင်း၊ အဆင့်မြင့်ပညာများ သင်ယူနိုင်လောက်အောင် ဉာဏ်ရည်မထက်မြက်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင်ထုံထိုင်းနှေးကွေးခြင်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ပုညက်ခြင်းတို့ဖြစ်တတ်သည်။

လူကြီးများသည်လည်ပင်းကြီးရောဂါဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ မိသားစု စီးပွားရေး၊ ပညာရေး၊ လူမှုရေး အဆင့်အတန်း နိမ့်ကျခြင်းတို့ ဖြစ်တတ်သည်။

အိုင်အိုဒင်းချို့တဲ့မှုမှကာကွယ်ရန်

နေရာဒေသမရွေး၊ အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ) တရားပွဲ

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် ငါးထပ်ကြီး မြောက် လိပ်ပြာကန် ကြာနီကန် ကျောင်းတိုက်၏ ဦးစီးပဓာန နာယက နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ)ဆရာတော်သည် မတ် ၁၅၊ ၁၆ ရက်များတွင် ငှက်ပျောစု ကျေးရွာ ဦးတင်ဝင်း-ဒေါ်တင်ဝင်း မိသားစု၏ ရှင် ၁၀၈ပါး ရှင်ပြုအလှူပွဲ တရားမဏ္ဍပ်၊ ၁၇၊ ၁၈၊ ၁၉ ရက်များတွင် ကျုံနတ်တော်ကျေးရွာ ကန်တော်ဦး ကျောင်း တရားမဏ္ဍပ် မအူပင် မြို့နယ်နှင့် ဦးဝင်းလှိုင်-ဒေါ်စမ်းစမ်းမော်၊ ဦးဝင်းနိုင်-ဒေါ်လှလှမော် ရှင်ပြုပွဲ ဘုမ္မာ မ/ဥက္ကလာ မြို့နယ် တရားမဏ္ဍပ်၊ ၂၁ ရက်တွင် ဆိပ်ကြီးဦးမြငါးစဉ် ဒုလ္လဘ ရဟန်းခံ၊ ရှင်ပြုပွဲ ကြည့်မြင်တိုင် မြို့နယ် တရားမဏ္ဍပ်၊ ၂၃ ရက်တွင် (၃၆)ရပ်ကွက် တရားမဏ္ဍပ် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နှင့် တောင်ဥက္ကလာ မင်္ဂလာလမ်း တရားမဏ္ဍပ်၊ ၂၄ ရက်တွင် ကျောက်ရဲစုကျေးရွာ တရားမဏ္ဍပ် ဝါးခယ်မမြို့နယ်၊ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် တံခွန်တိုင် ကျေးရွာ တရားမဏ္ဍပ် ဝါးခယ်မ မြို့နယ်များတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၀၁ ၅၅၈၂၉၇၊ ၀၉ ၅၀၃၃၅၈၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဂုဏ်ထူးဦးသိန်းနိုင်

နေရာမရလိုက်သူတို့အတွက်မဖြစ်ဖြစ်အောင်စီစဉ်၍

နွေသင်တန်းကြီး စနေ + တနင်္ဂနွေ (၂) ရက်တက်

မတ်လ (၉)ရက် ဖွင့်မည်

☞ အသစ်စက်စက်စာစီစာကုံးတန်းခွဲ (၂)ခွဲ ထပ်မံဖွင့်လှစ်ပေးလိုက်ပါပြီ

၁၈၈၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား။ ☎ 375509, 553418, 09-5012611

Business, Information Technology and IELTS English

B.IT.E သင်တန်း အမှတ်စဉ် ၄/ ၂၀၀၈

* တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများမှအဲ့ ရပြီးသူများအထိသင်ယူနိုင်သည်။
* သင်တန်းကာလပြီးဆုံးလျှင် ပြည်တွင်းပြည်ပလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်ခွင့်ရသည့်အပြင် နိုင်ငံရပ်ခြားတက္ကသိုလ် ဝင်ခွင့်ရရှိမည့် B.IT.E ဒီပလိုမာ လက်မှတ်ကို နိုင်ငံရပ်ခြားတက္ကသိုလ်မှ တိုက်ရိုက်ချီးမြှင့်မည်။

သင်တန်းသား (၅၀)လက်ခံမည်။ ထူးချွန်သူ(၃)ဦးအားပညာသင်ဆုပေးအပ်မည်။

N.L.E.C အမှတ်-၈၂(တ-ထပ်)၊အနော်ရထာလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း - ၂၅၀၂၂၅ / ၂၅၀၁၅၀ / ၀၉၅၁၂၇၃၀၀

ကျေးဇူးဆပ်ပါမည်

ဦးတင်စိုး[၁၂/မရက(နိုင်)၀၇၆၄၉၀] ၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၃၃၉၀၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၃၈၂၂၅၇၊ ၀၉၅၀၅၅၅၈၈

လျှပ်စစ်သုံးလျှင် အသိဉာဏ်ဖြင့် ဝန်အားမများ မသုံးရ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ(ကောင်ဖတ်စွဲ(ခ)ဦးချစ်ဆွေ-ဒေါ်မိဌေး)"ဒေါ်ဌေး ဦးထုပ်ဆိုင်"၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၂၄၁)နေ ဦးအစီ-ဒေါ်ညွှန့်ညွှန့် "ဌေးဌေးဝင်း-ဆီစက်၊ ရန်ကုန်ပဲဆီသန့်"တို့၏မြေး၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း-၂၀၊ အမှတ်(၁၁၅)နေ ကောင်ဖတ်ချန်(ခ)ဦးသန်ချောင်း (Director, U Ah Si Family Co.,Ltd.)-ဒေါ်ရီရီဌေး (MD, U Ah Si Family Co.,Ltd.)တို့၏ သားလတ်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၅-လမ်း၊ မ/၁၀၊ ၇(င)နေ

မောင်ဆွေအောင်ခိုင် 2nd Year Eco (Director, Thet Tant Yaung Co.,Ltd.)

နှင့်

ပဲခူးမြို့နေ (လင်ဟိုလျောင်(ခ)ဦးကျင်မောင်-ဒေါ်ကျင်မြ)၊ ပဲခူးမြို့၊ ၁၉-လမ်း၊ အမှတ်(၅၈)နေ (လူချိန်လျှံ(ခ)ဦးကောက်)-ဒေါ်ကျင်ငွေတို့၏မြေး၊ မန္တလေးမြို့၊ ၈၆-လမ်း၊ လမ်း ၃၀ ထောင့်နေ ဦးလှရွှေ-ဒေါ်ဌေးဌေး "ဟသ်ာညီနောင်-ပဲခူးပွဲရုံ"နှင့် "ထွန်းရာဇာ-ပေါင်းသကြားစက်"တို့၏သမီးထွေး

မလှဲ့လှဲ့မျိုး B.Sc(Physics)

တို့သည် ၅-၃-၂၀၀၈(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့ Great Wall Hotel ၌ နှစ်ဖက်သော မိဘများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဆွေအောင်ခိုင်-မလှဲ့လှဲ့မျိုး

နှစ်(၆၀)ပြည့် မွေးနေ့ရက်မြတ်မင်္ဂလာ

ချစ်ဇနီး Beauty(ခ)ဒေါ်ခင်နွဲ့ရဲ့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံတဲ့မွေးနေ့ပေါင်း အကြိမ်(၁၀၀)မက ကြုံရပါစေ။ ဒီခင်ပွန်း၊ ဒီသား၊ ဒီသမီးများနှင့် အရွယ်လွန်အိုမင်းသည်အထိ မခွဲမခွာအတူတကွ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့်နေရပါစေ။ အလိုဆန္ဒများပြည့်စုံကုံလုံကြွယ်ဝပြီး တင့်တယ်ဂုဏ်ယူဖွယ်မိသားစုအဖြစ် လူအလယ်မှာရပ်တည်နိုင်ပါစေ။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်များကိုမပြတ်ပွားများနိုင်ပြီး အလှူရေစက် လက်နှင့်မကွာလှူဒါန်းနိုင်သည်ထာဝရဖြစ်ပါစေသတည်းဟု ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

ချစ်ခင်ပွန်း ဦးကျော်ဝင်း (MD-Eastern Jade Int'l Co., Ltd.)

မင်္ဂလာဈေးဓမ္မာရုံ မိုးကုတ်ဝိပဿနာ အထူးတရားပွဲ

ရန်ကုန် မတ် ၅

မန္တလေးမြို့ မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ဆရာတော်ဦးသုမင်္ဂလ အရှင်သူမြတ်က နိဗ္ဗာန်လမ်းပြမြေပုံပေး သစ္စာတရားတော်များကို ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့မုခ် ကြေးသွန်းဘုရားကြီးအနီး ကြားတောရလမ်းထိပ် မင်္ဂလာဈေး ဓမ္မာရုံကြီးတွင် မတ် ၇ ရက်မှ ၁၁ ရက်အထိ ညစဉ် ၇ နာရီတွင် ငါးညတိုင်တိုင် တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထင်အောင်ကျော် CDC 40400 ၏ SSO လက်မှတ် SSO-6338/07နှင့် MEDICAL FIRST AID လက်မှတ် MFA-1281/03 တို့ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph. 09-515 8427

NAING Group Construction Co., Ltd.

We Always Make The Best Quality!

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်အကြိုဘိစိရာအထူးဈေးရောင်းပွဲတော်ကြီးကျင်းပစဉ်အစီအစဉ်"

ဆန်းသစ်သောစိတ်ကူး .... ခမ်းနားသော ဒီဇိုင်း .... စီးပွားရေးအချက်အချာကျပြီး
အနာဂတ်အတွက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အကောင်းဆုံးသောနေရာများ ....
တစ်နှစ်မှတစ်ကြိမ်သာရရှိမည့်အခွင့်အရေး ....

Customer များ၏ [illegible]

10% DISCOUNT

CONDOMINIUM Pile Foundation / 24 Hours Elevator / Wind Load & Earthquake Load System

စဉ်	ရောင်းချပေးမည့်နေရာများ	သတ်မှတ်အခန်းအရေအတွက်
၁။	အမှတ်(၁၅)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်။ (၁)ခန်းတွဲ (၆)ထပ်	(၂)ခန်း
၂။	အမှတ်(၇၁က/ခ)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ (၄)ခန်းတွဲ (၆)ထပ်	(၅)ခန်း
၃။	အမှတ်(၄၆)၊ ပန်တျာလမ်း၊ ဒဂုံမြို့နယ်။ (၃)ခန်းတွဲ (၆)ထပ်	(၅)ခန်း
၄။	အမှတ်(၃၁၆/၃၂၄)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။ (၂)ခန်းတွဲ (၁၂)ထပ်	(၇)ခန်း
၅။	အမှတ်(၁၄၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ (၁)ခန်းတွဲ (၁၂)ထပ်	(၄)ခန်း
၆။	အမှတ်(၁၀/၁၂)၊ ၄၉လမ်း၊ ဗိုလ်တထောင်မြို့နယ်။ (၂)ခန်းတွဲ (၈)ထပ်	(၅)ခန်း
၇။	အမှတ်(၁၁၆/၁၁၈)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (၂)ခန်းတွဲ (၁၂)ထပ်	(၃)ခန်း
၈။	အမှတ်(၁၈၂/၁၉၄)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။ (၆)ခန်းတွဲ (၈)ထပ်	(၃)ခန်း
၉။	အမှတ်(၂)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်။ (၆)ခန်းတွဲ (၈)ထပ် Penthouse	(၁)ခန်း
၁၀။	အမှတ်(၅၀၈/၅၁၂)၊ ဆိပ်ကမ်းသာလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။	(၁)ခန်း
၁၁။	အမှတ်(၉၂/၉၄)၊ ၅၂လမ်း၊ ပုဇွန်တောင်မြို့နယ်။ (၂)ခန်းတွဲ (၈)ထပ်	(၃)ခန်း

APARTMENT

စဉ်	ရောင်းချပေးမည့်နေရာများ	သတ်မှတ်အခန်းအရေအတွက်
၁။	အမှတ်(၁၃/၁၅)၊ ၅၃လမ်း၊ ပုဇွန်တောင်မြို့နယ်။	(၂)ခန်း
၂။	အမှတ်(၁၆၆/၁၆၈)၊ မြန်မာ့ဂုဏ်ရည်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။	(၂)ခန်း
၃။	အမှတ်(၅/၁၁)၊ ဈိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်။	(၇)ခန်း
၄။	အမှတ်(၁၁၇/၁၂၇)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်။	(၁)ခန်း

[illegible]

ဈေးရောင်းပွဲတော်ရက်အတွင်းဝယ်ယူတဲ့ Customer တွေကို သတ်မှတ်အခန်းအရေအတွက်အတိုင်း 10%Discount နဲ့ရောင်းချပေးမည်။

အရောင်းပွဲကျင်းပမည့်နေ့ရက်

(၈. ၃. ၂၀၀၈) မှ (၂၂. ၃. ၂၀၀၈) အထိ (၁၅)ရက်တည်းသာ

[illegible]

ပထမဆု - (၅၀)သိန်း
ဒုတိယဆု - (၃၀)သိန်း
တတိယဆု - (၂၀)သိန်း

ကျင်းပမည့်နေရာ ➤ အမှတ်(၅၆)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဆက်သွယ်ရန်ဖုန်း ➤ ၃၈၅၇၂၇၊ ၃၈၃၆၅၈၊ ၃၈၀၇၀၇၊ ၂၄၈၀၈၂၊ ၂၅၆၀၄၇၊ ၀၉ ၈၉၂၇၃၈၉၊ ၀၉ ၅၁၀၂၀၃၉

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၏ ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပပြီး မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်လိန်းမောင်းပန်က ဆောင်ရွက်သည်။

အဆိုပါနှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အစီရင်ခံစာများကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက တင်ပြကြရာတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းကလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက လည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရီရီအောင်ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ⇨

ကြေးမုံ The Mirror ယနေ့ သတင်းအညွှန်း

အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များ ဆက်လက်ပစ်ခတ်၊ ဗင်နီဇွဲလား၌ အမြင့်ဆုံးအဆင့် တပ်လှန့်ထား၊ အမေရိကန် အကြိုအခြေခံ သမ္မတလောင်းရွေးပွဲ နောက်ဆုံးအခြေအနေသတင်းများ။ စာမျက်နှာ−၄၊၅

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ မန်ယူ၊ အာဆင်နယ်၊ ဘာစီလိုနာနှင့် ဖီနာဘာချီတို့ ကွာတားဖိုင်နယ်တက် စာမျက်နှာ−၈

အခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီအတွက် အရေးအကြီးဆုံး

"ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ အခြေခံဥပဒေပင်ဖြစ်သည်။ အခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီအတွက် အရေးအကြီးဆုံး အာမခံချက်ကြီးဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့်တော့ ပြည်သူတို့လိုချင်ပါသည်ဆိုသော ဒီမိုကရေစီမရှိနိုင်ပေ။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံတွင် အခြေခံဥပဒေတစ်ရပ်မှာ မလွဲမသွေ လိုအပ်မြဲပင်ဖြစ်သည်။"

မဟာသမွန်၏ **"ဒီမိုကရေစီ လိုချင်လျှင်"** (ဆောင်းပါး) စာမျက်နှာ−၆